ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

ဒုတိယနေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၈.၆၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ဒုတိယနေ့ ၂၆-၇-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။ ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။ ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။ ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။ ဒေါ်ရှီလာနန်တောင် (ခ)အမ်နန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဦးစောသန်းထွန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။ ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)နှင့် ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၉)ဦးရှိပြီး၊ ယနေ့ ခွင့်ပန်ကြားသူ (၁၆)ဦး ဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ (၂၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်း နှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၁၆)ဦးအား ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၅)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းသည့် မေးခွန်းများဟာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## မြန်မာရွှေ့ပြောင်းအလုပ်သမားများ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲ ပြဿနာများ၊ စိန်ခေါ်မှုများကို ပြည်ထောင်စုအစိုးရအနေဖြင့် လုပ်ငန်းစဉ်များ ချမှတ်ကာ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဉက္ကာမင်း က မြန်မာရွှေ့ပြောင်းအလုပ်သမားများ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲပြဿနာများ၊ စိန်ခေါ်မှုများကို ပြည်ထောင်စုအစိုးရအနေဖြင့် လုပ်ငန်းစဉ်များချမှတ်ကာ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးဉက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာ ပဏာမနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်

ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ဦးဥက္ကာမင်း ပဲ ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ မြန်မာရွှေ့ပြောင်း အလုပ်သမားများ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲ ပြဿနာများ၊ စိန်ခေါ်မှုများကို ပြည်ထောင်စု အစိုးရအနေဖြင့် လုပ်ငန်းစဉ်များ ချမှတ်ကာ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးသွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းပြီးတော့ မေးမြန်းမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မေးခွန်း မေးမြန်းတင်ပြမှုမှာ အချိန်မလုံလောက်ပါက အချိန်အနည်းငယ် တိုးမြှင့်ခွင့်ပြုပေးပါရန် ကြိုတင် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။ မြန်မာနိုင်ငံသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများဟာ မြန်မာ ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းရှားပါးမှုများ၊ လုပ်ခလစာနည်းပါးမှုများကြောင့် နီးစပ်ရာ အိမ်နီးချင်း နိုင်ငံများသို့ တရားဝင်နဲ့ တရားမဝင် သွားရောက်ကာ အလုပ်လုပ်ကိုင်နေကြရပါတယ်။ သက်ဆိုင်ရာ နိုင်ငံအသီးသီးသို့ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်နေကြတဲ့ မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမား အရေအတွက်ဟာ (၂)သန်းခန့်ရှိတာကို သိရှိရပါတယ်။ မြန်မာရွှေ့ပြောင်း အလုပ်သမားများ အဓိက သွားရောက် အလုပ်လုပ်ကိုင်နေကြတဲ့ နိုင်ငံများကတော့ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ တရုတ်၊ ကိုရီးယား၊ ယူအေအီး၊ ကာတာနှင့် ဂျော်ဒန်နိုင်ငံတို့ပဲ ဖြစ်ပါတယ်။ အဲဒီနိုင်ငံတွေ ထဲမှာတော့ ထိုင်းနိုင်ငံဟာ မြန်မာရွှေ့ပြောင်း အလုပ်သမားများ အများဆုံးသွားရောက် အလုပ်လုပ်ကိုင် နေတဲ့နိုင်ငံ ဖြစ်ပါတယ်ခင်ဗျား။ မလေးရှားနိုင်ငံကတော့ ဒုတိယအများဆုံးနိုင်ငံဖြစ်ပါတယ်။ ထိုင်းနိုင်ငံ မှာ တရားဝင်မှတ်ပုံတင်ထားတဲ့ မြန်မာအလုပ်သမား အရေအတွက်ဟာ (၁.၆)သန်း ရှိတယ်လို့ ILO ရဲ့ စာရင်းအရ သိရှိရပါတယ်။ မိမိရဲ့ နိုင်ငံအတွင်းမှာ အလုပ်အကိုင် အခွင့်အလမ်းရှားပါးလို့ အိမ်နီးချင်း နိုင်ငံများမှာ အပင်ပန်းခံ၊ ဆင်းရဲခံ သွားရောက်အလုပ် လုပ်ကိုင်နေကြတဲ့ မြန်မာအလုပ်သမားများဟာ အခက်အခဲ ပြဿနာများ၊ စိန်ခေါ်မှုများ များစွာရှိနေပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ် လုပ်ကိုင်ချင်ကြတဲ့ မြန်မာအလုပ်သမားတွေဟာ မသွားရောက်ခင်ကတည်းကပင် မြန်မာနိုင်ငံအတွင်းမှာ ကိုယ်တိုင် အခက်အခဲပြဿနာ စိန်ခေါ်မှုတွေကိုစတင်ပြီးတော့ ကြုံတွေ့ရပါတယ်။ အဲဒီဟာတွေကတော့ ပွဲစားများထံမှ သတင်းအချက်လက်အမှားများ ရရှိခြင်းတို့ကြောင့် အလုပ်အကိုင်များ၊ အလုပ်ရှင်များနဲ့ ပတ်သက်တဲ့ သတင်းအချက်လက်များ မှန်/မမှန် စစ်ဆေးအတည်ပြုရန် ခက်ခဲခြင်း၊ ကုန်ကျစရိတ် အလွန်များခြင်း၊ အချိန်အလွန်ကြာမြင့်ခြင်း၊ အကယ်၍ အလိမ်ခံရပါက တရားမျှတမှု လျော်ကြေးငွေ ရရှိရန်ခက်ခဲခြင်း၊ ဥပဒေအရသတ်မှတ်ထားသည်ထက် ဝန်ဆောင်ခများ ပိုမိုတောင်းခံခြင်း၊ လုပ်ခလစာ အကျိုးခံစားခွင့်များနဲ့ ပတ်သက်တဲ့ မမှန်ကန်သော သတင်းအချက်လက်များ ရရှိခြင်း၊ ခရီးသွားလာခွင့် သို့မဟုတ် သက်သေခံစာရွက်စာတမ်းများကို သိမ်းဆည်းထားခြင်း၊ စာချုပ်အစားထိုးခြင်းတို့ပဲ ဖြစ်ပါတယ်။ ပြည်ပနိုင်ငံများသို့ ရောက်သွားပြီ ဆိုလျှင်လည်းပဲ အနည်းဆုံး လုပ်ခလစာထက် လျော့နည်းစွာရရှိခြင်း၊ သတ်မှတ်အလုပ်ချိန်ထက် ပိုမိုလုပ်ဆောင်ရခြင်း၊ နေထိုင်မှု အခြေအနေများ ဆိုးဝါးခြင်း၊ တရား မျှတမှုအား လက်လှမ်းမမီခြင်း၊ ပြည်ပလုပ်ကိုင် ရှာဖွေရေး Agency တချို့က မြန်မာပြည်တွင် သဘောတူ သတ်မှတ်ထားသည့်အလုပ် အခြားအလုပ်နေရာများတွင် လုပ်ကိုင်စေခြင်း၊ ရှုပ်ထွေးသော သက်တမ်းတိုးစနစ်များနှင့် ကြုံရခြင်းတို့ပဲ ဖြစ်ပါတယ်။ တရားမဝင် သွားရောက်လုပ်ကိုင်တဲ့သူတွေ

ဖြစ်ပါက အလုပ်သမားဥပဒေများအရ ကာကွယ်မှုကို ရရှိနိုင်သော်လည်းပဲ လူဝင်မှုကြီးကြပ်ရေးဥပဒေများအရ ဖမ်းဆီးအရေးယူခံရခြင်း၊ ပုန်းလျှိုးကွယ်လျှိုး နေထိုင်ရခြင်း၊ လူကုန်ကူးခံရခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများကို ရရှိနိုင်ရန်ခက်ခဲခြင်း၊ အလုပ်ရှင်များမှ ၎င်းအခြေအနေများအပေါ် အခွင့်ကောင်းယူ အမြတ်ထုတ်ခြင်း၊ အလုပ်သမားများ လုပ်ခလစာ အနည်းငယ်သာပေးခြင်း၊ အလုပ်ချိန်အလွန်ကြာမြင့်စွာ အလုပ်ခိုင်းစေခြင်းများ ပြုလုပ်ကြခြင်းတို့ကို ရင်ဆိုင်ကြုံတွေ့နေရတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခုနောက်ဆုံးသိရှိရတဲ့ သတင်းကတော့ ထိုင်းနိုင်ငံနဲ့ မလေးရှားနိုင်ငံတို့မှာ မြန်မာရွှေ့ပြောင်းလုပ်သားများကို အင်တိုက်အားတိုက် ဖမ်းဆီးစစ်ဆေးအရေးယူ ဆောင်ရွက်နေပါတယ်။ မြန်မာရွှေ့ပြောင်း အလုပ်သမားများတွေဟာ ပုန်းလျှိုးကွယ်လျှိုးနဲ့ ခိုကိုးရာမဲ့ အခြေအနေကို ရောက်ရှိနေပါတယ်။ တချို့ဆို စားရမဲ့၊ သောက်ရမဲ့ အခြေအနေတောင် ဖြစ်နေပါတယ်။ Pass Port သက်တမ်းတိုးချင်ပေမယ့်လည်း များပြားလှတဲ့ ငွေတွေကို ပေးဆောင်ဖို့ ငွေမရှိတာကြောင့် ဖမ်းဆီးခံရတဲ့သူတွေ များတယ်လို့ သိရှိရပါတယ်။ ဖမ်းဆီးခံရပြီးနောက်ပိုင်းမှာဆိုရင်လည်း သက်ဆိုင်ရာ နိုင်ငံကိုပြန်လာဖို့ လေယာဉ်စရိတ် မရှိတဲ့အတွက် ဆိုတော့ကာ သူတို့ရဲ့ အားကိုးစရာ မိမိတို့ အစိုးရသာ ဖြစ်လာပါတယ်။ ဒါကြောင့် ပြည်ပရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားများရဲ့ အခက်အခဲ၊ ပြဿနာ၊ စိန်ခေါ်မှုများကို ကာကွယ်စောင့်ရှောက်မှု ကူညီပေးရန်အတွက် ရွှေ့ပြောင်းအလုပ်သမား အားလုံးရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းပဲ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ ဥပဒေအရ ၂၀-၁၂-၂၀၁၃ ရက်နေ့က ဖွဲ့စည်းခဲ့သော အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီမှ ၂၀၁၅ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နေရာဒေသနှင့် လုပ်ငန်းအမျိုးအစား မခွဲခြားဘဲ တစ်နိုင်ငံလုံး တစ်ပြေးညီ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ တစ်နာရီ ငွေကျပ် (၄၅၀)နှုန်းဖြင့် တစ်ရက် အလုပ်ချိန် (၈)နာရီအတွက် ငွေကျပ် (၃၆၀၀)သတ်မှတ်ချက် နှုန်းထားကို ပြန်လည်သုံးသပ် ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ် က ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေအရ ၂၀-၁၂-၂၀၁၃ ရက်နေ့က ဖွဲ့စည်းခဲ့သော အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီမှ ၂၀၁၅ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နေရာဒေသနှင့် လုပ်ငန်းအမျိုးအစား မခွဲခြားဘဲ တစ်နိုင်ငံလုံး တစ်ပြေးညီ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ တစ်နာရီ ငွေကျပ် (၄၅၀)နှုန်းဖြင့် တစ်ရက် အလုပ်ချိန် (၈)နာရီအတွက် ငွေကျပ် (၃၆၀၀)သတ်မှတ်ချက် နှုန်းထားကို ပြန်လည်သုံးသပ် ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးဇော်မင်းလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အမှတ်(၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးဇော်မင်းလတ် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ အနည်းဆုံး အခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ အမျိုးသားကော်မတီမှ ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော အလုပ်သမားများအတွက် တစ်နိုင်ငံလုံး တစ်ပြေးညီ အနည်းဆုံးအခကြေးငွေ တစ်ရက် (၈)နာရီ လုပ်အားခငွေ (၃၆၀၀)ကို ပြန်လည်သုံးသပ် ပြင်ဆင်ဖို့ အစီအစဉ် ရှိ/မရှိ စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။ အချိန်မလုံလောက်ခဲ့ရင် ထပ်မံ တိုးမြှင့်ပေးဖို့နဲ့ Power point နဲ့ တင်ပြခွင့်ပြုဖို့ရန် ခွင့်ပြုပေးဖို့ရန်လည်း ဥက္ကဋ္ဌကြီးကို မေတ္တာရပ်ခံ ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေ အခန်း(၂) ပုဒ်မ ၃ အရ ၂၀-၁၂-၂၀၁၃ မှာ အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ အမျိုးသား ကော်မတီကို ဖွဲ့စည်းခဲ့ပြီး လာမယ့် ဒီဇင်ဘာ ၂၀ ရက်နေ့မှာ (၃)နှစ်သက်တမ်းပြည့်လို့ သက်တမ်း ကုန်ဆုံးတော့မှာ ဖြစ်ပါတယ်။ အဲဒီအမျိုးသားကော်မတီက ၂၉-၆-၂၀၁၅ ရက်နေ့မှာ တစ်နိုင်ငံလုံး မှာရှိတဲ့ အလုပ်သမားတွေအတွက် တစ်ရက်လုပ်အားခ (၃၆၀၀)ကို သတ်မှတ်ထုတ်ပြန်ပေးခဲ့ရာ ယခု မေးတဲ့အချိန်မှာဆိုရင် (၂)နှစ်သက်တမ်းကျော်ရုံပဲ ရှိပါသေးတယ်။ ဒါပေမဲ့ အမျိုးသားကော်မတီအနေနဲ့ အနည်းဆုံး အခကြေးငွေကို ပြောင်းလဲလာတဲ့ အခြေအနေအရပ်ရပ် တို့နဲ့အညီ စိစစ်ပြီး (၂)နှစ်လျှင် အနည်းဆုံးတစ်ကြိမ်ပြင်ဆင် သတ်မှတ်နိုင်တဲ့ အမိန့်ကြော်ငြာကို ပြည်ထောင်စုအစိုးရ၏ အတည်ပြု ချက်ဖြင့် ကြေညာခြင်း ပြုလုပ်နိုင်ကြောင်း အနစ ဥပဒေ အခန်း ၃၊ ပုဒ်မ ၅ (ဇ)မှာ ပြဋ္ဌာန်းထားပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားကော်မတီရဲ့ သတ်မှတ်နှုန်းထားကို ကန့်ကွက်နေတာမဟုတ်ဘဲ ပြောင်းလဲ နေတဲ့စားဝတ်နေရေး ကုန်ကျစရိတ်၊ ပြောင်းလဲနေတဲ့ အခြေအနေအရပ်ရပ်တို့နဲ့အညီ ပြန်လည်သုံးသပ် ပြင်ဆင်သတ်မှတ်ပေးဖို့ တိုက်တွန်းလိုတဲ့အတွက် မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အာဆီယံဒေသအတွင်း နိုင်ငံတွေထဲမှာ ကျွန်တော်တို့ မြန်မာနိုင်ငံက အလုပ်သမားတွေရဲ့ တစ်ရက်လုပ်အားခငွေဟာ အနိမ့်ဆုံးဖြစ်နေပါတယ်။ နည်းပါးလှတဲ့ လုပ်အားခ ကြောင့် မြန်မာပြည်က လုပ်နိုင်ကိုင်နိုင်တဲ့ သန်းနဲ့ချီတဲ့ အလုပ်သမားတွေဟာ လုပ်အားခ မြင့်မားတဲ့ အိမ်နီးချင်းနိုင်ငံများကို တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ရွှေ့ပြောင်းလုပ်ကိုင်နေကြ ပါတယ်။ အဲဒါကြောင့် မြန်မာပြည်ရဲ့ အဓိကအသက်သွေးကြောဖြစ်တဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ၊ စက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းတွေမှာ အလုပ်သမားရှားပါးမှုဒဏ်ကို ခံစားနေရပါတယ်။ တိုင်းပြည်ရဲ့ ကုန်ထုတ် စွမ်းအားတွေ ကျဆင်းလာနိုင်တာကြောင့် အလွန်ပဲစိုးရိမ်စရာ ကောင်းလှပါတယ်။ နိုင်ငံရပ်ခြားကို ရွှေ့ပြောင်းလုပ်ကိုင်ကြတဲ့ မြန်မာအလုပ်သမားတွေခမျာမှာလည်း လူကုန်ကူးခံရတာတွေ၊ လူ့အခွင့်အရေး ချိုးဖောက်ခံရတာတွေ၊ အလုပ်သမားအခွင့်အရေး အပြည့်အဝမရရှိတာတွေစတဲ့ ပြဿနာတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ မြန်မာအလုပ်သမားတွေနဲ့ လည်ပတ်တဲ့ အိမ်နီးချင်း နိုင်ငံတွေက စက်ရုံ၊ အလုပ်ရုံ၊ စိုက်ပျိုးရေးလုပ်ငန်းတွေက ထွက်တဲ့ ကုန်ပစ္စည်းတွေကိုလည်း မြန်မာနိုင်ငံအတွင်းကို

ပြန်လည်တင်ပို့ ရောင်းချတာကြောင့် နိုင်ငံတော်အနေနဲ့ဆိုရင် ကိုယ့်အရိုးနဲ့ ကိုယ့်ပြန်ထိုးနေသလို ဖြစ်နေပါတယ်။ ရွှေ့ပြောင်းလုပ်ကိုင်တဲ့ မြန်မာအလုပ်သမားတွေအနေနဲ့ အဲဒီနိုင်ငံတွေမှာ အဲဒီနိုင်ငံသား တွေ မလုပ်ချင်တဲ့ အလုပ်မျိုးတွေမှာ သိမ်ငယ်စွာ အလုပ်လုပ်နေရပါတယ်။ မြန်မာပြည်မှာ နွားကျောင်း ရတာ အဆင်မပြေလို့ နိုင်ငံရပ်ခြားထွက်ပြီးတော့မှ အဆင်ပြေမယ်ထင်ပြီး အလုပ်လုပ်ခါမှ ဆိတ်ကျောင်း နေရတယ်ဆိုတဲ့ အခြေအနေမျိုးနဲ့ ကျွန်တော်တို့ နိုင်ငံသားတွေဟာ ကမ္ဘာ့အလယ်မှာ နိုင်ငံသား ဂုဏ်သိက္ခာ ကျဆင်းနေခဲ့တာကြာပါပြီ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ရွေးကောက်ပွဲအပြီး ပြောင်းလဲတိုးတက် ဖြစ်ပေါ်လာသော နိုင်ငံရေးအခင်းကျင်းသစ်ကြောင့် ယခုဆိုရင် မြန်မာနိုင်ငံအတွင်းကို FDI လို့ ခေါ်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒလဟော ဝင်ရောက်လာခြင်းဖြစ်ပါတယ်။ FDI ဝင်လာဖို့ ဆွဲဆောင်တဲ့အနေနဲ့ ယခင်ကလို ပြည်တွင်းအလုပ်သမားတွေရဲ့ တစ်ရက်လုပ်အားခကို အမှန်တကယ်ဖြစ်သင့်တဲ့ ပမာဏထက် လျှော့ကျသတ်မှတ်တာ လုံးဝမဖြစ်သင့်ပါဘူး။ ပွင့်လင်းမြင်သာ အာမခံချက်ရှိတဲ့ နိုင်ငံရေးစနစ်၊ မှန်ကန်တဲ့ စီမံခန့်ခွဲမှုစနစ်တွေ ခိုင်မာအားကောင်းအောင် မူဝါဒတွေချမှတ်ပြီး အကောင်အထည်ဖော် ဖို့ပဲလိုတာပါ။ FDI လုပ်ငန်းတွေမှာ တည်ဆဲအနည်းဆုံးအခကြေးငွေနဲ့ ပြည်တွင်းမှာရှိတဲ့ အလုပ်သမားတွေ အလုပ်ဝင်လုပ် ရမယ်ဆိုရင် မျှတလုံလောက်တဲ့ အခကြေးငွေမဟုတ်လို့ ရေရှည်မှာ ဆန္ဒပြတောင်းဆိုမှု တွေ အလုပ်သမားသပိတ်တွေ ပေါ်လာပြီး နိုင်ငံတော်ရဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးရေးကို ထိခိုက် လာနိုင်စေပါတယ်။ နိုင်ငံခြားကို ရွှေ့ပြောင်းလုပ်ကိုင်ရတဲ့ အလုပ်သမားတွေ ပြန်လာပြီး လုပ်ကိုင်နိုင်တဲ့ လက်ခံနိုင်တဲ့ လုပ်အားခလည်း မဟုတ်ပါဘူး။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ ဥပဒေအရ အမျိုးသားကော်မတီက သတ်မှတ်ပြဋ္ဌာန်းခဲ့တဲ့ တစ်ရက်လုပ်အားခ (၃၆၀၀)သည် ပြောင်းလဲ လာသော နိုင်ငံရေးအခြေအနေ၊ ပြောင်းလဲလာသော စားဝတ်နေရေး ကုန်ကျစရိတ်နဲ့ ပြောင်းလဲ လာသော လူနေမှုဘဝအခွင့်အလမ်းတို့အရ သက်ဆိုင်ရာအစိုးရမှ ပြန်လည်သုံးသပ် ပြင်ဆင်ပေးဖို့ အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**နိုင်ငံအတွင်း လာရောက် အလုပ်လုပ်ကိုင် နေကြသော နိုင်ငံခြားသား အလုပ်သမားများအား မည်သည့် ဥပဒေ အထောက်အထား ကန့်သတ်ချက်များဖြင့် လုပ်ကိုင်ခွင့်ပြုထားသည်ကို သိရှိလိုခြင်းနှင့် ၎င်းအလုပ်သမားများထံမှ အခွန်အခများ ကောက်ခံရယူခြင်း ရှိ/မရှိတို့ကို သိရှိလိုခြင်း နှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မကြီး က နိုင်ငံအတွင်း လာရောက် အလုပ်လုပ်ကိုင်နေကြသော နိုင်ငံခြားသား အလုပ်သမားများအား မည်သည့် ဥပဒေ အထောက်အထား ကန့်သတ်ချက်များဖြင့် လုပ်ကိုင်ခွင့်ပြုထားသည်ကို သိရှိလိုခြင်းနှင့် ၎င်းအလုပ်သမားများထံမှ အခွန်အခများ ကောက်ခံရယူခြင်း ရှိ/မရှိတို့ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေလို့ ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ပြည်တွင်း၊ ပြည်ပအလုပ်သမားရေးရာ ကော်မတီအဖွဲ့ဝင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မကြီး ဖြစ်ပါတယ်ရှင့်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျွန်မတို့ မြန်မာနိုင်ငံအတွင်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းနှင့်အတူ နိုင်ငံခြားသား အလုပ်သမားများလည်း ဝင်ရောက်လာပြီးတော့ အလုပ်လုပ်ကိုင်လျက်ရှိနေတာကို တွေ့ရပါတယ်။ ၎င်းအလုပ်သမားတွေဟာ မည်သည့် ဥပဒေအထောက်အထား ကန့်သတ်ချက်များဖြင့် လာရောက် လုပ်ကိုင်ခွင့်ပြုထားသည်ကို သိရှိလိုပါတယ်။ ထို့အပြင် ၎င်းတို့ထံမှ နိုင်ငံအတွက် အထောက်အပံ့ဖြစ်စေရန် အခွန်အခများ ရရှိခြင်း ရှိ/မရှိကိုလည်း သိရှိလိုပါတယ်ရှင်။ ကြောင်းကျိုးဖော်ပြချက်အနေနဲ့ဆိုရင် ကျွန်မတို့ နိုင်ငံသားများ ပြည်ပနိုင်ငံများကို သွားရောက်အလုပ်လုပ်ကိုင်တဲ့အခါမှာ အနိမ့်ဆုံးအိမ်အကူပင် ဖြစ်စေကာမူ သတ်မှတ်ထားသော အခကြေးငွေ ပေးသွင်းပြီးတော့မှ Work Permit ပြုလုပ်ပြီး သက်ဆိုင်ရာနိုင်ငံ စည်းကမ်းချက်များ၊ ကန့်သတ်ချက်များဖြင့်သာ အလုပ် လုပ်ကြရပါတယ်။

မြန်မာနိုင်ငံအတွင်းရှိ ပြည်တွင်းကုမ္ပဏီများနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် လုပ်ကိုင်လျက်ရှိသော ဆောက်လုပ်ရေးလုပ်ငန်း၊ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်း၊ လမ်းတံတားလုပ်ငန်း၊ IT လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများမှာ နိုင်ငံခြားသားများ ဝင်ရောက်လုပ်ကိုင်နေတာကို တွေ့ရှိရပါတယ်။ နိုင်ငံသားပိုင် ဘောလုံးအသင်းများမှာလည်း နိုင်ငံခြားသားနည်းပြများ၊ နိုင်ငံခြားသား ဘောလုံးသမားများ ဝင်ရောက်ကစားလျက်ရှိပါတယ်။ နိုင်ငံခြားသားအလုပ်သမားများဟာ Visa ပုံသဏ္ဌာန် မျိုးစုံဖြင့် ဝင်ရောက်လာပြီး လုပ်ကိုင်နေမှုတို့ကြောင့် နိုင်ငံသားအလုပ်လိုအပ်နေသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသွားပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာခဲ့လို့ရှိရင် နိုင်ငံခြားသား အလုပ်သမားများလည်း ပိုမိုရောက်ရှိလာမယ်ဖြစ်ပါတယ်။

အဲဒါကြောင့် ကျွန်မတို့ မြန်မာနိုင်ငံအတွင်းကို ဝင်ရောက်လာတဲ့ အလုပ်သမားများကို မည်သည့် ဥပဒေ၊ အထောက်အထား၊ ကန့်သတ်ချက်များဖြင့် လာရောက်လုပ်ကိုင်ခွင့်ပြုထားသည်ကို သိရှိလိုခြင်းဖြစ်ပါတယ်။ အလုပ်သမားများထံမှလည်း အခွန်အခများ ကောက်ခံရယူခြင်း ရှိ/မရှိတို့ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၃။**

**ဦးသိန်းဆွေ (ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဥက္ကာမင်း ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြား သွားမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ မြန်မာရွှေ့ပြောင်းလုပ်သားများ ရင်ဆိုင် ကြုံတွေ့နေရတဲ့ အခက်အခဲ ပြဿနာများ၊ စိန်ခေါ်မှုများကို ပြည်ထောင်စုအစိုးရအနေနဲ့ လုပ်ငန်းစဉ် များ ချမှတ်ကာ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတာနဲ့ ပတ်သက် ပြီးတော့မှ အတိုချုပ်ဖြေရမယ်ဆိုရင်တော့ ၎င်းကိစ္စနဲ့ ပတ်သက်ပြီးတော့မှ ပြည်ထောင်စုအစိုးရအဖွဲ့မှာ သတ်မှတ်ထားတဲ့ တိကျတဲ့အစီအစဉ်များရှိပါကြောင်းနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့လည်းကောင်း၊ ဝန်ကြီးဌာနအနေနဲ့လည်းကောင်း၊ သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများနဲ့ ပေါင်းစပ်ညှိနှိုင်းပြီးတော့မှ မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကာကွယ်ရေး၊ စောင့်ရှောက်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက် လျက်ရှိပါကြောင်း ဖြေကြားလိုပါတယ်။

ဒီနေရာမှာ ကိုယ်စားလှယ်တော်ကြီးများကို ကျွန်တော့်အနေနဲ့ မြန်မာရွှေ့ပြောင်းအလုပ် သမားများအတွက် ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ပေးနေမှု များကို အလျဉ်းသင့်လို့ အနည်းငယ် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြလိုပါတယ်။ ကုလသမဂ္ဂ အဖွဲ့ကြီးရဲ့ စာရင်းဇယားများအရ ကမ္ဘာ့နိုင်ငံအသီးသီးမှာ အလုပ်လုပ်နေကြတဲ့ ရွှေ့ပြောင်း အလုပ်သမား အရေအတွက်ဟာ (၂၁၄)သန်း ရှိနေပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများနဲ့ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ နိုင်ငံများမှာ အလုပ်အကိုင်ရှားပါးမှုနဲ့ လုပ်ခလစာ နည်းပါးမှုတို့ကြောင့် အဆိုပါ နိုင်ငံများက အလုပ်သမားများဟာ အလုပ်အကိုင်ပေါများပြီးတော့မှ လုပ်ခလစာ ပိုမိုရရှိနိုင်တဲ့ နေရာဒေသများနှင့် နိုင်ငံများဆီကို ရွှေ့ပြောင်း သွားရောက်လုပ်ကိုင်နေကြရပါတယ်။ ဒီရွှေ့ပြောင်းလုပ်သားများရဲ့ ပြဿနာဟာ ကျွန်တော်တို့ တစ်နိုင်ငံတည်း ရင်ဆိုင်ရတာ မဟုတ်ဘဲနဲ့ ကမ္ဘာနဲ့တစ်ဝန်း နိုင်ငံတိုင်းနီးပါး ရင်ဆိုင်နေကြရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ရွှေ့ပြောင်းအလုပ်သမားများ ကိစ္စရပ်များကို စိစစ်ကြည့်မယ်ဆိုရင် ပြည်တွင်းရွှေ့ပြောင်း အလုပ်သမားရေးရာကိစ္စနဲ့ ပြည်ပရောက် ရွှေ့ပြောင်းအလုပ်သမား ရေးရာကိစ္စဆိုပြီးတော့ နှစ်မျိုးနှစ်စားတွေ့ရမှာ ဖြစ်ပါတယ်။

ပြည်တွင်းရွှေ့ပြောင်း အလုပ်သမားရေးရာ ကိစ္စရပ်များနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ တရားမျှတပြီးတော့ အဆင်ပြေမှုရှိတဲ့ လုပ်ငန်းခွင် အခြေအနေများ၊ ရပိုင်ခွင့်၊ လူ့သိက္ခာနဲ့ဂုဏ် ထိုက်တန်တဲ့ ဘဝရပ်တည်မှုကို အာမခံပေးနိုင်မယ့် တရားမျှတပြီးတော့မှ လျော်ကန်သင့်မြတ်တဲ့ အခကြေးငွေ ရပိုင်ခွင့်နဲ့ အခြားလူမှုရေး ကာကွယ်စောင့်ရှောက်မှု စတဲ့အခွင့်အရေးများကို ရရှိနိုင်ဖို့ အတွက် ကျွန်တော်တို့ အစိုးရသစ်လက်ထက်မှာ အလုပ်သမားများနဲ့ သက်ဆိုင်တဲ့ အလုပ်သမား အဖွဲ့အစည်း ဥပဒေ၊ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ၊ လူမှုဖူလုံရေး ဥပဒေ၊

အနည်းဆုံး အခကြေးငွေဥပဒေနဲ့ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုတိုးတက်ရေးဥပဒေတို့ကိုလည်း ပြဋ္ဌာန်းပေးပြီး တော့မှ ဥပဒေနဲ့အညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်ပရောက် ရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စနဲ့ ပတ်သက်ပြီး နိုင်ငံများတွင် ၎င်းတို့နိုင်ငံထဲ အလုပ်လုပ်နေကြတဲ့ ပြည်တွင်း၊ ပြည်ပအလုပ်သမားများနဲ့ အလုပ်ရှင်များ လိုက်နာရမယ့် အလုပ်သမားဥပဒေများရှိပါတယ်။ အဲဒီ နိုင်ငံများမှာ အလုပ်လုပ်နေကြတဲ့ ပြည်တွင်း၊ ပြည်ပအလုပ်သမားများအားလုံးဟာ အဲဒီနိုင်ငံရဲ့ တည်ဆဲဥပဒေများကို လိုက်နာဆောင်ရွက်ကြတာ ဖြစ်ပါတယ်။ တခြားနိုင်ငံများရဲ့ အလုပ်သမားဥပဒေများက ယင်းနိုင်ငံမှာရှိတဲ့ အလုပ်သမားဥပဒေများကို လွှမ်းမိုးသက်ရောက်မှု မပြုနိုင်ကြောင်းလည်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ ပြည်ပကို သွားရောက်လုပ်ကိုင်နေကြမယ့် အလုပ်သမားများ ပိုမိုထိရောက်စွာ ကာကွယ်ပေးနိုင်ဖို့ ခေတ်ကာလနဲ့ လိုက်လျောညီထွေဖြစ်စေဖို့ လက်ရှိကျင့်သုံးနေတဲ့ ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေကို နိုင်ငံတကာစံချိန်စံညွှန်းများနဲ့အညီ ပြင်ဆင်ရေးဆွဲလျက်ရှိပါတယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ပြည်ပသို့ သွားရောက် လုပ်ကိုင်မယ့် အလုပ်သမားများနဲ့ သွားရောက်လုပ်ကိုင်နေတဲ့ အလုပ်သမားများအတွက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့နိုင်စေရေးအတွက် သွားလာလုပ်ကိုင်ခြင်းဆိုင်ရာ မူဝါဒများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ ကျွန်တော်တို့ ရွှေ့ပြောင်းအလုပ်သမားများရဲ့ အခက်အခဲများ၊ အိမ်နီးချင်းနိုင်ငံများမှာ တွေ့ကြုံနေရတဲ့ ပြဿနာများဟာ အမှန်တကယ် ကျွန်တော်တို့ ရွှေ့ပြောင်းအလုပ်သမားများခံစားနေရတဲ့ ကိစ္စများလည်းရှိပါတယ်။ ဒီအပေါ်မှာလည်း ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အာရုံစူးစိုက်ပြီးတော့မှ ကျွန်တော်တို့ အလေးအနက်ထားပြီးတော့မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့လည်းပဲ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့ကို ၂၀၁၂ ခုနှစ်မှာ အဖွဲ့ဝင်အဖြစ် ရွှေ့ပြောင်းပြီးတော့မှ ဝင်ရောက်ခဲ့ပါတယ်။ ဒီ ရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စရပ်များနဲ့ ပတ်သက်ပြီးတော့မှ စည်းမျဉ်းစည်းကမ်းများနဲ့အညီ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ကမ္ဘာ့နိုင်ငံများအတွင်း ရွှေ့ပြောင်းအလုပ်သမားများ ကာကွယ်စောင့်ရှောက်ရေး၊ ယင်းတို့ရဲ့ လူမှုစီးပွားဘဝ တိုးမြှင့်ပေးနိုင်ရေးကိုလည်းပဲ အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအနေအထားမှာ မြန်မာနိုင်ငံမှ ပြည်ပသို့ အလုပ်သမားများ တရားဝင်စေလွှတ်ရန် မှတ်ပုံတင်ခွင့်ပြုထားတဲ့ အေဂျင်စီပေါင်း(၂၄၃)ခု ရှိပါတယ်။ ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်ကိုလည်း ဖွဲ့စည်းပြီးတော့မှ ဒီဝန်ဆောင်မှုပေးတဲ့ အေဂျင်စီများကိုလည်း မပြတ်ကြပ်မတ်ဆောင်ရွက်လျက် ရှိပါတယ်။

သို့ရာတွင် လက်ရှိအနေအထားအရ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ အားနည်းချက်များလည်း မြေပြင်အခြေအနေ အနေအထားအရ အမှန်တကယ်ရှိနေတာလည်း ဖြစ်တဲ့အတွက် ကျွန်တော်လည်းပဲ ဒီဖြစ်စဉ်များအပေါ်မှာ အမြဲတမ်းစောင့်ကြည့်ပြီးတော့မှ လိုအပ်တဲ့ ကြပ်မတ်မှုများ၊ အရေးယူမှုများ၊ ပညာပေးဆွေးနွေးမှုများကို မပြတ်ဆောင်ရွက်လျက်ရှိပါတယ်လို့ တင်ပြလိုပါတယ်။ ဒါ့အပြင် ပြည်ပနိုင်ငံများကို သွားရောက်အလုပ် လုပ်ကိုင်ကြမယ့် မြန်မာအလုပ်သမားများ ပြည်ပသို့ မထွက်ခွာမီ သွားရောက်အလုပ်လုပ်ကိုင်ကြမယ့် နိုင်ငံများရဲ့ ဥပဒေများ၊ ဓလေ့

ထုံးတမ်းများ၊ ဘာသာစကားများကိုလည်းပဲ အတန်အသင့် သိရှိနိုင်ဖို့ ကျွန်တော်တို့ လုပ်ငန်းခွင် အကြို သင်တန်းများကိုလည်း ပေးလျက်ရှိပါတယ်။ အခြားလိုအပ်သည်များကိုလည်းပဲ မှာကြားခြင်းကိုလည်းပဲ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်ပြီးမှသာ စေလွှတ်လျက်ရှိပါတယ်။ စည်းကမ်းလိုက်နာမှု မရှိတဲ့ Agency များကိုလည်းပဲ ၎င်းတို့ စည်းကမ်းဖောက်ဖျက်မှု အနည်းအများကို လိုက်ပြီးတော့မှ အလုပ်သမားစေလွှတ်မှုကို ယာယီရပ်ဆိုင်းခြင်း၊ အပြီးပိတ်သိမ်းခြင်း၊ အဆင့်ဆင့် အရေးယူမှုများကို လည်း ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ Agency များသာမကဘဲနဲ့ အခြားအိမ်နီးချင်းနိုင်ငံ များက Agency များကလည်းပဲ ကျွန်တော်တို့ အလုပ်သမားများအပေါ်မှာ EC စာချုပ်များနဲ့ Employment Contract စာချုပ်များနဲ့အညီ မဆောင်ရွက်ဘူး။ အလုပ်သမားများအပေါ်မှာ ဥပဒေမဲ့ ဆောင်ရွက်ချက်များ ရှိတယ်ဆိုရင်လည်းပဲ အဲဒီ Agencyများ၊ အဲဒီပုဂ္ဂိုလ်များကို ကျွန်တော်တို့ အမည်မည်း စာရင်းသွင်းပြီးတော့မှ အရေးယူ၊ အပြစ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိအချိန်မှာ ပြည်ပနိုင်ငံများကို စေလွှတ်ခဲ့တဲ့ အလုပ်သမားများနဲ့ ပတ်သက်ပြီးတော့မှ အလုပ်သမားနဲ့ အလုပ်ရှင်ကြား နှစ်ဖက်သဘောတူစာချုပ်မှာ အလုပ်သမားရဲ့ လုပ်ခလစာ၊ အချိန် ပိုလုပ်ခ၊ အလုပ်အမျိုးအစား၊ နေရာထိုင်ခင်း၊ အစားအသောက်၊ အလုပ်ချိန်၊ နားရက်၊ ဆေးဝါးကုသခွင့် နဲ့ ခရီးသွားလာခွင့်စတဲ့ အချက်များကို ပြည့်စုံစွာ ပါရှိပြီးတော့မှ အသက်အာမခံ ကိစ္စရပ်များ စီစဉ်ပေး ခြင်း၊ မြန်မာအလုပ်သမားများအား သက်ဆိုင်ရာနိုင်ငံများရဲ့ ဥပဒေများအတိုင်း အကျိုးခံစားခွင့် ရရှိစေ ရန် စီစဉ်ပေးထားခြင်းတို့ကိုလည်းပဲ အဲဒီစာချုပ်များမှာ ထည့်သွင်းချုပ်ဆို ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ မလေးရှားနိုင်ငံ၊ ကိုရီးယားနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့မှာ ရောက်ရှိလုပ်ကိုင်နေတဲ့ အလုပ်သမားများကို သက်ဆိုင်ရာ နိုင်ငံရဲ့ ဥပဒေနဲ့အညီ အကာအကွယ်နဲ့ ခံစားခွင့်များ ရရှိနိုင်စေဖို့ အလုပ်သမားသံအရာရှိများ ခန့်ထားဆောင်ရွက်ပြီးတော့မှ ကျွန်တော်တို့ အလုပ်သမားများ အကျိုးကို လုပ်ဆောင်ပေးလျက်ရှိပါတယ်။ အလုပ်သမား သံအရာရှိမရှိတဲ့ နိုင်ငံများ မှာလည်းပဲ အဲဒီနိုင်ငံမှာရှိတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံ သံရုံးများကို တာဝန်ပေးပြီးတော့မှ ဆောင်ရွက် ပေးလျက်ရှိပါတယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။ ဒါ့အပြင် ပြည်တွင်း၊ ပြည်ပမှာ အလုပ်လုပ်ကိုင် နေကြတဲ့ မြန်မာအလုပ်သမားများရဲ့ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးနိုင်ဖို့ Complaints Mechanism Center ကို နေပြည်တော်နဲ့ ရန်ကုန်မြို့မှာ ဖွင့်လှစ်ပြီးတော့မှ လက်ခံဆောင်ရွက်ပေး လျက်ရှိပါတယ်။ ဖြစ်နိုင်ချေရှိတဲ့ ရွှေ့ပြောင်းအလုပ်သမားများကို သိသင့်သိထိုက်တဲ့ သတင်းအချက် အလက်များ ရရှိစေဖို့၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်တို့တွင် ရွှေ့ပြောင်းအလုပ်သမားများ ထောက်ပံ့ရေး၊ ကူညီရေး၊ ဗဟိုဌာန (MRC)များကိုလည်းပဲ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် ILOနဲ့ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)တို့နဲ့ ပူးပေါင်းပြီးတော့မှ ဖွင့်လှစ် ပေးခဲ့ပါတယ်။ ချင်းပြည်နယ်နဲ့ ရခိုင်ပြည်နယ်တို့မှာ မကြာမီရက်အတွင်းမှာ ဆက်လက်ဖွင့်လှစ်နိုင်ရေး လျာထားဆောင်ရွက်ပေးလျက် ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားများ အတွက် တရားမဝင်သွားရောက်မှု လျော့နည်းပပျောက်ရေး၊ ရွှေ့ပြောင်းအလုပ်သမားများ အဝင် အထွက်စာရင်းနဲ့ သတင်းအချက်အလက်များ စုဆောင်းနိုင်ရေးအတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ

လေဆိပ်မှာလည်းပဲ မြန်မာရွှေ့ပြောင်းအလုပ်သမားများ သတင်းပို့တဲ့နေရာ (Myanmar Migrant Workers' Reporting Counter)ကိုလည်း ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။

ဒါ့အပြင် ပြည်ပနိုင်ငံများကို အလုပ်သမားစေလွှတ်တဲ့ အေဂျင်စီများအတွက် ဆောင်ရွက်ရမယ့် တာဝန်ဝတ္တရားများနဲ့ လိုက်နာရမယ့် စည်းကမ်းချက်များကိုလည်းပဲ တိတိကျကျ သတ်မှတ်ပေး ထားပြီး ဖြစ်သကဲ့သို့ အေဂျင်စီများအနေနဲ့ အလုပ်သမားများ စတင်စေလွှတ်ချိန်မှ စပြီးတော့မှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိတဲ့အချိန်အထိ တာဝန်ယူဆောင်ရွက်ပေးဖို့ သတ်မှတ်ပြဋ္ဌာန်းထား ပြီးတော့မှ အဲဒီ အတိုင်းဆောင်ရွက် ပေးစေလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်တာနဲ့အညီ ရွှေ့ပြောင်းအလုပ်သမားများရဲ့ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနဲ့ မြှင့်တင်ရေးဆိုင်ရာ အာဆီယံကြေညာစာတမ်းမှာပါတဲ့ ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ အာဆီယံနိုင်ငံများအနက် အလုပ်သမားများ စေလွှတ်တဲ့ နိုင်ငံများနဲ့ လက်ခံရရှိတဲ့ နိုင်ငံ၊ အစိုးရ၊ အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများနဲ့ လူမှုအဖွဲ့အစည်း များအကြား ရွှေ့ပြောင်းအလုပ်သမားများ ရင်ဆိုင်နေကြရတဲ့ အခက်အခဲများ ဖြေလျှော့နိုင်ရေး၊ ကောင်းမွန် လုံခြုံစိတ်ချရသော လုပ်ငန်းခွင်ဖြစ်စေရေး၊ ခွဲခြားဆက်ဆံခံရမှု မရှိစေရေး၊ ခေါင်းပုံဖြတ် မခံရရေးတို့ အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း ညှိနှိုင်းဆောင်ရွက် ဆွေးနွေးမှုများကို မပြတ်ပြုလုပ် ပြီးတော့မှ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ကျွန်တော်တို့ ပြည်ထောင်စု အစိုးရအဖွဲ့အနေနဲ့သော်လည်းကောင်း၊ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့သော်လည်းကောင်း၊ မြန်မာ ရွှေ့ပြောင်းအလုပ်သမားများ ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါ ကြောင်းနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဥက္ကာမင်း မေးမြန်းတင်ပြတဲ့ မြန်မာအလုပ်သမားများ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲ ပြဿနာများ၊ စိန်ခေါ်မှုများကို ပြည်ထောင်စုအစိုးရ အဖွဲ့အနေနဲ့ လုပ်ငန်းစဉ်များ ချမှတ်ပြီးတော့မှ ဥပဒေနဲ့အညီ ကာကွယ်စောင့်ရှောက်ပေးနိုင်ဖို့ အလေးအနက်ထား ဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့မှ ရှမ်းပြည်နယ် အမှတ်(၁)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလတ် ရဲ့ ကြယ်ပွင့်ပြ မေးခွန်းနဲ့ ပတ်သက်ပြီးတော့မှ တင်ပြလို ပါတယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့ ကူးသန်း ရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနဲ့ ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း တို့မှာ လုပ်ကိုင်လျက်ရှိကြတဲ့ အလုပ်သမားများနဲ့ ၎င်းတို့ရဲ့ မိသားစုများရဲ့ အခြေခံလိုအပ်ချက်များကို ပြည့်မီရေးအတွက်လည်းကောင်း၊ အလုပ်သမားများရဲ့ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးနဲ့ ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်ရေးအတွက်လည်းကောင်း ရည်ရွယ်ပြီးတော့မှ ရေးဆွဲခဲ့တဲ့ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေကို ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၇)ဖြင့် ၂၂-၃-၂၀၁၃ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။

အလားတူပဲ ကျွန်တော်တို့ ၁၂-၇-၂၀၁၃ ရက်နေ့မှာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှု ဖူလုံရေးဝန်ကြီးဌာနက အနည်းအခကြေးငွေ နည်းဥပဒေများကိုလည်းပဲ အမိန့်ကြော်ငြာစာအမှတ်

၆၄/၂၀၁၄ နဲ့ ထုတ်ပြန်ခဲ့ပါတယ်။ ဝန်ကြီးဌာနအနေနဲ့လည်းပဲ ခေတ်ကာလနဲ့ လိုက်လျောညီထွေမှု ရှိစေဖို့အတွက် အနည်းဆုံးအခကြေးငွေဥပဒေကို ရေးဆွဲပြီးတော့မှ ဝန်ကြီးဌာနများနဲ့ အဖွဲ့အစည်းများ၊ နိုင်ငံတော်သမ္မတရုံးနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ လွှတ်တော်အဆင့်ဆင့်တို့ကို တင်ပြပြီး ဥပဒေနဲ့အညီ နည်းဥပဒေများကို ပြဋ္ဌာန်းထုတ်ပြန်ခဲ့ခြင်းဖြစ်ပါတယ်။ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းထုတ်ပြန်ပြီး တော့မှ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့ အနည်းဆုံးအခ ကြေးငွေဥပဒေနဲ့ နည်းဥပဒေများအရ မြန်မာနိုင်ငံမှာရှိတဲ့ အလုပ်သမားများအတွက် အနည်းဆုံးအခ ကြေးငွေ သတ်မှတ်ပေးနိုင်ရေးကို လုပ်ငန်းစဥ် (၅)ရပ် ချမှတ်ပြီးတော့မှ ဆောင်ရွက်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလုပ်ငန်းစဥ်(၅)ရပ်ကတော့ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေး ဆိုင်ရာ ကော်မတီများ ဖွဲ့စည်းခြင်း၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်များအလိုက် အလုပ်ရှင်များ၊ အလုပ်သမားများနဲ့ ဆွေးနွေးပွဲများကျင်းပခြင်း၊ လူနေမှု ကုန်ကျစရိတ်ဆိုင်ရာမေးခွန်းလွှာများ ဖြန့်ဝေခြင်း၊ စာရင်းကောက်ယူခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အလုပ်ရှင်နဲ့ အလုပ်သမားများထံမှ ပေးပို့တဲ့ အကြံပြုချက်များနဲ့ သဘောထား မှတ်ချက်များကို ပြန်လည်စုစည်းပြီး အနည်းဆုံးအခကြေးငွေအဆိုပြု ထုတ်ပြန်နိုင်ရန် ပြန်လည်ညှိနှိုင်း ဆွေးနွေးခြင်း၊ အဆိုပြု အနည်းဆုံးအခကြေးငွေ ထုတ်ပြန်ကြေညာခြင်း၊ အတည်ပြု အနည်းဆုံး အခကြေးငွေ ထုတ်ပြန်ကြေညာခြင်းတို့ပဲ ဖြစ်ပါတယ်။

အဆိုပါလုပ်ငန်းစဥ်များကို ကျွန်တော်တို့ စနစ်တကျဆောင်ရွက်ခဲ့တာ ဖြစ်ပြီးတော့မှ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ၂၀-၁၂-၂၀၁၃ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ လမ်းညွှန်ချက်နဲ့ ဖွဲ့စည်းခဲ့ပါတယ်။ ပြည်ထောင်စုနယ်မြေဆိုင်ရာကော်မတီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ ကော်မတီများ ကိုလည်းပဲ ကျွန်တော်တို့ ဖွဲ့စည်းခဲ့ပြီးတော့မှ လုပ်ငန်းစဥ်(၅)ရပ်များအတိုင်း ဆောင်ရွက်ခဲ့တာ ဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဃ)နဲ့ အညီ အစိုးရအဖွဲ့ရဲ့ အတည်ပြုချက်အရ မြန်မာနိုင်ငံမှာရှိတဲ့ အလုပ်သမားများအတွက် နေရာဒေသနဲ့ လုပ်ငန်းအမျိုးအစား မခွဲခြားဘဲ အနည်းဆုံးအခကြေးငွေမှာ ကျပ်(၄၅၀)တိတိ၊ အလုပ်ချိန်က(၈)နာရီ၊ တစ်ရက်အတွက် စုစုပေါင်း (၃၆၀၀)တိတိ ဖြစ်ကြောင်း ကျွန်တော်တို့ သတ်မှတ်ပေးခဲ့တာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ပေးနိုင်ဖို့ ကျွန်တော်တို့ ၂၀၁၃ ခုနှစ်ကစပြီးတော့မှ ၂၀၁၅ ခုနှစ်အထိ ကျွန်တော်တို့ အထက်ကတင်ပြခဲ့တဲ့ လုပ်ငန်းစဥ်များအတိုင်း ကျွန်တာ်တို့ ဆောင်ရွက်ခဲ့တာဖြစ်ကြောင်း ဒါအားလုံး သိရှိအောင်တင်ပြခြင်း ဖြစ်ပါတယ်။

အဲဒီလို အနည်းဆုံးအခကြေးငွေနှုန်းထား သတ်မှတ်အတည်ပြုပြီး နောက်ပိုင်းမှာလည်းပဲ စက်ရုံ၊ အလုပ်ရုံနှုန်းထားများမှာ အလုပ်ရှင်နဲ့ အလုပ်သမားများ အငြင်းပွားမှုများ အနည်းငယ် တွေ့ကြုံခဲ့ရပါတယ်။ အများအားဖြင့် CMP အထည်ချုပ်လုပ်ငန်းများ ဖြစ်ပါတယ်။ အလုပ်သမား အင်အား လျော့ချလာတဲ့ စက်ရုံတွေရှိသလို ပိတ်သိမ်းတဲ့ စက်ရုံများလည်း ရှိပါတယ်။ အလားတူပဲ အနည်းဆုံးအခကြေးငွေကြောင့် အသစ်ဖွင့်လှစ်တဲ့ စက်ရုံများလည်း ရှိလာတာကို ကျွန်တော်တို့ တွေ့ရှိ ရပါတယ်။ စက်ရုံအများစုဟာ သတ်မှတ်ထားတဲ့ အနည်းဆုံးအခကြေးငွေကို ပေးသော်လည်းပဲ ဥပဒေတွင် မပါရှိတဲ့ အခြားသော ယခင်က ပေးနေကျ Incentive များဖြစ်တဲ့ ရက်မှန်ကြေး၊ ကျွမ်းကျင်ကြေး၊

လုပ်သက်ဆုကြေး စသည်များကို အချို့စက်ရုံများက ဆက်လက်မပေးသည့်အတွက် တောင်းဆိုမှုများ ဖြစ်ပွားနေသည်ကိုလည်းပဲ လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အနည်းဆုံး အခကြေးငွေနှုန်းထားတစ်ခု သတ်မှတ်ရာမှာ အဓိကအားဖြင့် တစ်ဖက်က အလုပ်သမားများရဲ့ လိုအပ်ချက်များကို ဖြေရှင်းနိုင်မယ့် ငွေကြေးပမာဏဖြစ်ရန် လိုအပ်တယ်လို့ ကျွန်တော်တို့ လေးနက်စွာ ယုံကြည်ပါတယ်။ အခြားတစ်ဖက်မှာလည်းပဲ အလုပ်ရှင်များ အမှန်တကယ်ပေးနိုင်မယ့် ငွေကြေးပမာဏ ဖြစ်ဖို့လည်းပဲ လိုအပ်တယ်လို့ နားလည်ပါတယ်။ အနည်းဆုံး အခကြေးငွေနှုန်းထား သတ်မှတ်ဖို့အတွက် မျက်မှောက်ကာလမှာ ဖြစ်ပေါ်နေတဲ့ ကုန်ဈေးနှုန်း အခြေအနေများ၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု အခြေအနေများ၊ အလုပ်ရှင်၊ အလုပ်သမားများ အခြေအနေများနဲ့ အလုပ်အကိုင် အခွင့်အလမ်းအခြေအနေများ၊ ငွေကြေးဖောင်းပွမှုနဲ့ ငွေကြေးတည်ငြိမ်မှု အခြေအနေများကိုလည်းပဲ စဉ်းစားရသလို နယ်မြေဒေသများရဲ့ ပကတိအခြေအနေများပေါ်ကိုလည်းပဲ စဉ်းစားရတာဖြစ်တဲ့အတွက် ဒီ အနည်းဆုံးအခကြေးငွေ နှုန်းထားတစ်ခု သတ်မှတ်ဖို့ ဘက်စုံထောင့်စုံက လေ့လာကြည့်ရှုဖို့ အမှန်တကယ်ပဲ လိုအပ်ပါတယ်။

သို့ပါ၍ ရှမ်းပြည်နယ် အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်မင်းလတ် ရဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့မှ အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီမှ ထုတ်ပြန်ခဲ့တဲ့ အနည်းဆုံးအခကြေးငွေနှုန်းထားသည် ပထမဆုံးအကြိမ် ထုတ်ပြန်သတ်မှတ်ခြင်း ဖြစ်သလို သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ် အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ ကော်မတီများနဲ့ ဆွေးနွေးညှိနှိုင်းရန် လိုအပ်တဲ့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ အခြေအနေအရပ်ရပ်ကို စောင့်ကြည့်လေ့လာလျက် ရှိပါကြောင်း ဖြေရှင်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့မှ ကချင်ပြည်နယ် အမှတ်(၈)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ခင်မကြီး ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်ဆက်လက်ပြီးတော့မှ တင်ပြသွားမှာ ဖြစ်ပါတယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံအတွင်း လာရောက် အလုပ်လုပ်ကိုင်နေကြတဲ့ နိုင်ငံခြားသား အလုပ်သမားများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနဲ့အညီ လုပ်ကိုင်ခွင့်ပြုထားခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုချက် ရရှိမှ အဲဒီနိုင်ငံသား၊ နိုင်ငံခြားသားပိုင် ကုမ္ပဏီများမှာ အလုပ်လုပ်နေတဲ့ နိုင်ငံခြားသား အလုပ်သမားများကိုလည်းပဲ ကျွန်တော်တို့ အလုပ်သမားမှတ်ပုံတင်ပေးခြင်းနဲ့ သက်သေခံကတ်ပြား ထုတ်ပေးခြင်းများကို ကျွန်တော်တို့ ၁၉၉၇ ခုနှစ်ကစပြီးတော့မှ ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ ၁၀-၄-၂၀၁၃ ရက်နေ့ကစပြီးတော့မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုချက်နဲ့အညီ နိုင်ငံခြားသားအလုပ်သမားများကိုလည်းပဲ မှတ်ပုံတင်ပေးခြင်း၊ သက်သေခံထုတ်ပေးခြင်းနဲ့ သက်တမ်းတိုးပေးခြင်း ကိစ္စရပ်များကို ရန်ကုန်မြို့မှာ ဌာနဆိုင်ရာပူးပေါင်းဆောင်ရွက်အဖွဲ့ (One Stop Services)ဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။အဲဒီလိုဆောင်ရွက်ပေးလျက်ရှိနေတဲ့နေရာမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့

ခွင့်ပြုတဲ့ကာလအတိုင်း မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်တဲ့ နိုင်ငံခြားသားအလုပ်သမားများထံက သတ်မှတ်ကာလ၊ သတ်မှတ်ထားတဲ့ ငွေကြေးနှုန်းထားများကို ကောက်ခံလျက်ရှိပါတယ်လို့ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်ပြလိုပါတယ်။ ဒါ့အပြင် ထားဝယ်အထူးစီးပွားရေးဇုန်၊ သီလဝါအထူး စီးပွားရေးဇုန်များမှာ ဝင်ရောက်လုပ်ကိုင်နေကြတဲ့ နိုင်ငံခြားသားအလုပ်သမားများကိုလည်းပဲ မြန်မာနိုင်ငံအထူးစီးပွားရေးဇုန် ဥပဒေပုဒ်မ ၇၇ နဲ့အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စည်းကြပ်လျက်ရှိကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်သမားများနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ မြန်မာနိုင်ငံ အတွင်းမှာရှိတဲ့ နိုင်ငံခြားသားများ ဝင်ရောက်ခြင်း၊ ထွက်ခွာခြင်း၊ နေထိုင်ခွင့်ပြုခြင်းများကိုလည်းပဲ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ စနစ်တကျကြပ်မတ် ဆောင်ရွက်လျက် ရှိပါတယ်။ တည်ဆဲဥပဒေ များကတော့ ၁၉၄၇ ခုနှစ်၊ လူဝင်မှုကြီးကြပ်ရေး လတ်တလောပြဋ္ဌာန်းချက်များ ဥပဒေ၊ ၁၉၄၀ ခုနှစ်၊ နိုင်ငံခြားသားများ မှတ်ပုံတင်ရေးအက်ဥပဒေ၊ ၁၉၄၈ ခုနှစ်၊ နိုင်ငံခြားသားများ မှတ်ပုံတင်ရေး နည်းဥပဒေနဲ့ ၁၉၅၁ ခုနှစ်၊ ချုပ်နှောင်ခြင်းနည်းဥပဒေတို့ ဖြစ်ပါတယ်။ အဲဒီနည်းဥပဒေများနဲ့အညီ နိုင်ငံခြားသား များဝင်ရောက်ခြင်း၊ ထွက်ခွာခြင်း၊ နေထိုင်ခွင့်ပြုခြင်းများကို စနစ်တကျ ကြပ်မတ်လုပ်ဆောင်လျက် ရှိပါကြောင်း တင်ပြလိုပါတယ်။ မြန်မာနိုင်ငံအတွင်းသို့ လာရောက်ကြမယ့် နိုင်ငံခြားသားများကို ယခင်က ပြည်ဝင်ခွင့် Visa(၆)မျိုး ခွင့်ပြုထားခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့ကစပြီးတော့မှ ပြည်ဝင်ခွင့် Visa(၁၂)မျိုး နဲ့ ပြည်ပြန်ဝင်ခွင့် Visa(၃)မျိုး သတ်မှတ်ပြီးတော့မှ စနစ်သစ်ဖြင့် ထုတ်ပေး ပြီးတော့မှ အပြည်ပြည်ဆိုင်ရာ လေဆိပ်များဖြစ်တဲ့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နဲ့ ရန်ကုန် အပြည်ပြည်ဆိုင်ရာရေဆိပ်တို့မှ ဝင်ထွက်ခွင့်ပြုခြင်းများကို ကျွန်တော်တို့ဝန်ကြီးဌာနက ဆောင်ရွက် ပေးလျက်ရှိပါတယ်။

လက်ရှိကျင့်သုံးနေတဲ့ Visa မူများအရ နိုင်ငံခြားသားများ မြန်မာနိုင်ငံသို့ ဝင်ရောက် အလုပ် လုပ်ကိုင်နေထိုင်ရန်အတွက် လုပ်ငန်းနဲ့ သက်ဆိုင်တဲ့ ဝန်ကြီးဌာနများရဲ့ တာဝန်ခံချက်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများရဲ့ သဘောထားမှတ်ချက်တို့အပြင် နိုင်ငံခြားရေးရာမူဝါဒ ကော်မတီ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့် ပြုချက်ရယူပြီးတော့မှ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ပြည်ဝင်ခွင့် Visa တစ်မျိုးမျိုးနဲ့ ဝင်ရောက်လာတဲ့ နိုင်ငံခြားသားများဟာ Visa အရ ခွင့်ပြုနေခွင့် ကာလထက် ကျော်လွန်ပြီးတော့မှ မြန်မာနိုင်ငံအတွင်းကို ဆက်လက်နေထိုင်မယ်ဆိုရင်လည်းပဲ ၎င်းတို့ ရရှိထားတဲ့ Visa အမျိုးအစားအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ ထောက်ခံချက်များနဲ့ တစ်ကြိမ်လျှင် အများဆုံး တစ်နှစ်ထက်မပိုတဲ့ နေခွင့်သက်တမ်းနှင့် ပြည်ပြန်ဝင်ခွင့် Visa ကို လျှောက်ထားနိုင်ပါတယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့ ပြည်ထောင်စုအစိုးရ အဖွဲ့နဲ့ နိုင်ငံခြားရေးရာ မူဝါဒကော်မတီတို့မှ ချမှတ်ထားတဲ့ မူဝါဒများနဲ့အညီ ဝန်ကြီးဌာနအသီးသီးက နေခွင့်နဲ့ အကြိမ်ကြိမ် ပြည်ပြန်ဝင်ခွင့် Visa တိုးမြှင့်ထုတ်ပေးရန် ထောက်ခံတင်ပြချက်များအပေါ်မှာ မူတည်ပြီးတော့မှ စိစစ်ခွင့်ပြု ပေးနေတာဖြစ်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံခြားသားများအတွက် မြန်မာနိုင်ငံတွင် ဆက်လက်နေထိုင်ခွင့်၊ အလုပ်လုပ်ကိုင်ခွင့်၊ သက်တမ်းတိုးမြှင့်ခွင့်နဲ့ ပတ်သက်ပြီးတော့မှ အဲဒီကာလ များမှာ ပြည်ပသို့ ခေတ္တထွက်ခွာပြီးတော့မှ ပြန်လည်ဝင်ရောက်မယ်ဆိုရင်လည်းပဲ ပြည်ပြန်ဝင်ခွင့် Visa ထုတ်ယူရေး လုပ်ငန်းမျိုးကိုလည်းပဲ ကျွန်တော်တို့ဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ အခကြေးငွေများ

ကောက်ခံပြီးတော့မှ တရားဥပဒေနဲ့အညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်ဝင် Visa တစ်မျိုးမျိုးနဲ့ ဝင်ရောက်လာပြီးနောက်ပိုင်းမှာ မြန်မာနိုင်ငံမှာ တစ်ဆက်တည်း ရက်ပေါင်း (၉၀)ထက် ကျော်လွန်နေထိုင်သူများကိုလည်းပဲ နိုင်ငံခြားသားမှတ်ပုံတင်ရေးအက်ဥပဒေ၊ နည်းဥပဒေများအရ သတ်မှတ်အခကြေးငွေများ ကောက်ခံပြီးတော့မှ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ကို ကိုင်ဆောင်စေပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ နှစ်နိုင်ငံသဘောတူစာချုပ်များ ချုပ်ဆိုပြီးတော့မှ နယ်စပ်ဝင်ထွက်ဂိတ်များ ဖွင့်လှစ်ပြီးတော့မှ သတ်မှတ်အခငွေများ ကောက်ခံပြီးတော့မှ မြန်မာနိုင်ငံသားများ၊ အိမ်နီးချင်း နိုင်ငံသားများနဲ့ နိုင်ငံခြားသားများကို စနစ်တကျ ဝင်ထွက်ခွင့်ပြုခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များမှ ဝင်ထွက်လိုတဲ့ မြန်မာနိုင်ငံသားများနဲ့ အိမ်နီးချင်းနိုင်ငံများက နိုင်ငံခြားသားများ၊ အလုပ်သမားများအတွက် သတ်မှတ်အခကြေးငွေနဲ့ ကောက်ခံပြီးတော့မှ Border Pass (BP) Temporary Border Pass (TBP) နဲ့ Entry Permit (EP)တို့နဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီ ဝင်ထွက်ခွင့်ပြုနေပါတယ်။ ဒေသအာဏာပိုင်များ အစီအစဉ်နဲ့လည်းပဲ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် လာရောက်တဲ့ အိမ်နီးချင်းနိုင်ငံများရဲ့ အလုပ်သမားများ နိုင်ငံသားများအတွက်လည်းပဲ ဒေသဆိုင်ရာ အာဏာပိုင်များရဲ့ သဘောတူညီချက်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများရဲ့ ထောက်ခံချက်တို့နဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြပြီးတော့မှ ခွင့်ပြုချက်ရရှိမှသာ ယာယီဝင်ရောက်နေထိုင်ခွင့်လက်မှတ် (Green Card - GC)ကို သတ်မှတ်အခကြေးငွေ ကောက်ခံပြီးတော့မှ စနစ်တကျ ခွင့်ပြုထုတ်ပေးနေတာ ဖြစ်ပါတယ်။

တတိယနိုင်ငံသားများအနေနဲ့ Pass Port Visa ဖြင့် နယ်စပ်ဝင်ထွက်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လိုပါကလည်းပဲ သက်ဆိုင်ရာဝန်ကြီးဌာနများမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ တင်ပြခွင့်ပြုချက်ရရင် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဝင်/ထွက်ခွင့်ပြုခြင်းများကို ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများကို တင်ပြလိုတာကတော့ ကျွန်တော်တို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် လာရောက်လိုတဲ့ နိုင်ငံခြားသားများကို အထက်ပါအတိုင်း နည်းဥပဒေ၊ ဥပဒေများ၊ Visa မူများ၊ နှစ်နိုင်ငံသဘောတူစာချုပ်များနဲ့အညီ သတ်မှတ်အခကြေးငွေများ ကောက်ခံပြီးတော့မှ စနစ်တကျ ခွင့်ပြုဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေနဲ့ နိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းနှင့်အတူ မြန်မာနိုင်ငံအတွင်း ဝင်ရောက်အလုပ် လုပ်ကိုင်လျက်ရှိတဲ့ နိုင်ငံခြားသားအလုပ်သမားများကို ဥပဒေနဲ့အညီ လုပ်ကိုင်ခွင့်ပြုနိုင်ရေးအတွက် နိုင်ငံခြားသားအလုပ်သမားဥပဒေကို ရေးဆွဲလျက်ရှိပါတယ်၊ ဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးပါက ဥပဒေနဲ့အညီ လုပ်ကိုင်ခွင့်ပြုသွားမှာဖြစ်ကြောင်း ရှင်းလင်းဖြည့်စွက်တင်ပြရင်း ကျွန်တော့်ရဲ့တင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၈။**

**ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)**။ ။ ဟုတ်ကဲ့။ ပထမဦးစွာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ရွှေ့ပြောင်းအလုပ်သမားတွေအတွက် စေတနာထားပြီးတော့ လာရောက် ဖြေကြားပေးတဲ့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ပြည်ထောင်စု ဝန်ကြီးကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီတိုင်းမှာ အခေါ်အဝေါ်တစ်ခု ရှိပါတယ်။ အဲလို ရွှေ့ပြောင်းလုပ်သားတွေကို ကျွန်တော်တို့က ဘယ်လိုခေါ်လဲဆိုတော့ ဘောလုံးလို့ ခေါ်ပါတယ်။ ဟိုလူက ကန်လိုက်၊ ဒီလူက ကန်လိုက်နဲ့ ကျွန်တော်တို့ ဖြစ်နေတဲ့အနေအထားဆိုတော့ ကျွန်တော်တို့ ဘောလုံးဆိုပြီးတော့ ခေါ်ပါတယ်။ ပြောချင်တာကတော့ ကျွန်တော်တို့ မြန်မာရွှေ့ပြောင်း အလုပ်သမား တွေဟာ မြန်မာနိုင်ငံထဲမှာ ခက်ခဲကျပ်တည်းနေလို့ အပြင်မှာ စီးပွားပြင်ပမှာ ထွက်ပြီးတော့ စီးပွားသွားရှာ နေရတာပါ။ အဲဒီလိုစီးပွား သွားရှာတဲ့နေရာမှာ ကျွန်တော်တို့ အဆင့်ဆင့် ဌာနဆိုင်ရာတွေ လည်းပါ တယ်။ ပွဲစားတွေလည်းပါတယ်။ Agent တွေလည်းပါတယ်။ အလုပ်ရှင်တွေလည်းပါတယ်။ အဲလိုတွေ အဆင့်ဆင့် ကျွန်တော်တို့ မတရား ခေါင်းပုံဖြတ် ကုပ်သွေးစုပ်နေကြတဲ့အတွက် ကျွန်တော်တို့မှာ စုမိဆောင်းမိဖို့တောင်မှ အနိုင်နိုင် ဖြစ်နေပါတယ်။

အဲဒီတော့ ကျွန်တော် လက်ရှိအနေအထားနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ဆက်စပ်မေးခွန်းလေး မေးချင်ပါတယ်။ အဲဒါကတော့ လက်ရှိထိုင်းနိုင်ငံနဲ့ မလေးရှားနိုင်ငံတို့မှာ ဖမ်းဆီးခံနေရတဲ့ မြန်မာ ရွှေ့ပြောင်းအလုပ်သမားများအတွက် လတ်တလော အရေးတကြီး ဝန်ကြီးဌာနနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန တို့ ပူးပေါင်းပြီးတော့ မည်ကဲ့သို့ဆောင်ရွက်သွားမည်ကို ကျွန်တော် သိရှိလိုပါကြောင်း မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၈။**

**ဦးသိန်းဆွေ (ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်း ရဲ့ ထပ်ဆင့်မေးခွန်းများကို ကျွန်တော်တင်ပြသွားမှာ ဖြစ်ပါတယ်။ ရွှေ့ပြောင်းအလုပ်သမားများအပေါ်ကို ဌာနဆိုင်ရာများ၊ အချို့သော ဌာနဆိုင်ရာများ၊ အချို့သော ကျွန်တော်တို့ Agencyများက ခေါင်းပုံဖြတ်တယ်ဆိုတာ လက်တွေ့အမှန်တကယ် ဖြစ်နေတဲ့ကိစ္စ ဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနက ရွှေ့ပြောင်းအလုပ်သမားများ တစ်ဦးမှာ အများဆုံး (၁၅၀၀၀၀)သာ ဝန်ဆောင်စရိတ်ယူရမယ် ဆိုသော်လည်းပဲ လက်တွေ့မှာ ဒီထက် နှစ်ဆ၊ သုံးဆလောက် ဖြစ်နေပါတယ်။ ဒါကိုလည်းပဲ တရားဝင်တိုင်ကြားလာမှုများရှိရင် ကျွန်တော် အထက်က တင်ပြခဲ့တဲ့ အတိုင်းပဲ သူတို့ကို ကျွန်တော်တို့ သတိပေးတာ၊ ကျွန်တော်တို့ (၆)လ၊ (၁)နှစ် လုပ်ငန်း ပိတ်သိမ်းတာ၊ Black List သွင်းတာ၊ ဥပဒေနဲ့အညီ ကျွန်တော်တို့ အရေးယူတာတွေကို ကျွန်တော်တို့ ဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။

အချို့အလုပ်သမားတွေက အထောက်အထားမဲ့ ဖြစ်ပြီးတော့မှ မည်သည့် Agency၊ မည်သည့် ကုမ္ပဏီနဲ့မှ ဆက်သွယ်ခြင်းမရှိဘဲနဲ့ မိမိတို့သဘောအလျောက် သက်ဆိုင်ရာ အသိအကျွမ်း

တွေက ခေါ်တဲ့အတိုင်းပဲ သွားရောက်လုပ်ကိုင်တာဖြစ်တဲ့အတွက် ဒီအလုပ်သမားများတွေအတွက်တော့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ အရေးယူဆောင်ရွက်ပေးဖို့ အကန့်အသတ်တွေ အများကြီးရှိပါတယ်။ သို့ရာတွင် အဲဒီအလုပ်သမားများတွေလည်းပဲ ကိုယ့်နိုင်ငံသားဖြစ်တဲ့အတွက် ကျွန်တော်တို့ လျစ်လျူရှု ထားခြင်း မရှိပါဘူး။ မည်သို့အကြောင်းကြောင်းကြောင့်ဖြစ်စေ အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံခြားကို ရောက်နေတဲ့ ကျွန်တော်တို့ နိုင်ငံသားအလုပ်သမားမှ မဟုတ်ပါဘူး။ နိုင်ငံသား အားလုံးအတွက် ကျွန်တော်တို့နိုင်ငံမှာ တာဝန်ရှိတယ်လို့ ခံယူပြီးတော့မှ အကောင်းဆုံးဖြစ်အောင် ကျွန်တော်တို့ စီစဉ် ဆောင်ရွက်နေပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ထိုင်းနိုင်ငံနဲ့ မလေးရှားနိုင်ငံ တို့မှာ ကျွန်တော်တို့ ပြစ်ဒဏ် ကျခံပြီးပါပြီ။ မလေးရှားဥပဒေ၊ ထိုင်းဥပဒေတို့အရ ပြစ်ဒဏ်ကျခံပေးပြီး တော့မှ ကျွန်တော် ပြန်လာဖို့ လေယာဉ်စရိတ်တွေ၊ အဲဒီသက်ဆိုင်ရာ ကျွန်တော်တို့ အစိုးရကို ပေးသွင်း ရမယ့် စရိတ်တွေ မရှိတဲ့အတွက် ကျွန်တော်တို့ ထိန်းသိမ်းရေးစခန်းတွေမှာ ရောက်ရှိနေတဲ့ အလုပ်သမား (၃၀၀၀)ကျော်ခန့်ရှိတယ်လို့ ကျွန်တော် သတင်းရပါတယ်။

အထူးသဖြင့် မလေးရှားနိုင်ငံမှာ ကျွန်တော်တို့ ထိန်းသိမ်းရေးစခန်း(၁၁)ခု ရှိပါတယ်။ အဲဒါ ကိုလည်းပဲ ကျွန်တော်တို့ မလေးရှားနိုင်ငံမှာရှိတဲ့ မြန်မာသံရုံးရဲ့ အစီအစဉ်နဲ့ အဲဒီကျွန်တော်တို့ ရွှေ့ပြောင်းအလုပ်သမားများထိန်းသိမ်းရေးစခန်းမှာရှိတဲ့ အလုပ်သမားများကို စိစစ်ပြီးတော့မှ ပို့လွှတ် လျက်ရှိပါတယ်။ ၂၀၁၄ ကစပြီးတော့ ၂၀၁၆ ခုနှစ် မြန်မာသံရုံး၊ မလေးရှားမှာရှိတဲ့ မြန်မာသံရုံးရဲ့ အစီအစဉ်နဲ့ ကျွန်တော်တို့ အကူအညီပေးတဲ့ အလှူရှင်များ၊ ကုသိုလ်ရှင်များ၊ ဆရာတော်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များရဲ့ အကူအညီ၊ နိုင်ငံတော်အစိုးရရဲ့ အစီအစဉ်နဲ့ စုစုပေါင်း(၁၀၀၀၀)ကျော် လောက်ကို ကျွန်တော်တို့ မြန်မာနိုင်ငံကို ပြန်လည်ပြီးတော့မှ ခေါ်ယူပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး တော့မှ ကျန်ရှိတဲ့ ကျွန်တော်တို့ ရွှေ့ပြောင်းအလုပ်သမားများကိုလည်းပဲ ကျွန်တော်တို့နိုင်ငံသားများ ဟုတ်/မဟုတ်ကို ကျွန်တော်တို့ ဝန်ကြီးဌာနက စိစစ်ပေးပါတယ်။

အဲဒီစခန်းမှာရှိတဲ့ ရွှေ့ပြောင်းအလုပ်သမားများစာရင်းကို နိုင်ငံခြားရေးဝန်ကြီးဌာနက တစ်ဆင့် ကျွန်တော်တို့ဝန်ကြီးဌာနကို စိစစ်ပေးဖို့ ကျွန်တော်တို့ စာရင်းပေးပါတယ်။ အဲဒီစာရင်း ရမယ်ဆိုရင် ကျွန်တော်တို့ဌာနနဲ့ ပြည်ထဲရေးဝန်ကြီးဌာန ပေါင်းစပ်ပြီးတော့မှ ကျွန်တော်တို့နိုင်ငံသား ဟုတ်/မဟုတ် ပထမဆုံး စိစစ်ရပါတယ်။ မှန်ကန်ပြီ၊ ဒါ နိုင်ငံသားဟုတ်ပြီဆိုရင် စာရင်းကို ကျွန်တော်တို့ နိုင်ငံခြားရေး ဝန်ကြီးဌာနကနေတစ်ဆင့် သက်ဆိုင်ရာသံရုံးကို ပြန်ပို့ပါတယ်။ ပြန်ပို့ပြီးရင် ကျွန်တော် တို့က ဒီနိုင်ငံသားတွေကို ပြန်လည်ခေါ်ယူပါတယ်။ ယခင်တုန်းကလည်းပဲ အတွေ့အကြုံများစွာ ရှိပါတယ်။ တပ်မတော်က စစ်ရေယာဉ်နဲ့လည်း သွားပြီးတော့မှ ခေါ်ယူပေးခဲ့တာရှိသလို ကျွန်တော်တို့ အစိုးရအဖွဲ့ အစီအစဉ်နဲ့လည်းပဲ သွားရောက်ပြီးတော့မှ ခေါ်ပေးခဲ့တာရှိပါတယ်။

ကျွန်တော် အထက်ကတင်ပြခဲ့သလို အလှူရှင်၊ စေတနာရှင်များရဲ့အစီအစဉ်နဲ့ သံရုံးတွေရဲ့ အစီအစဉ်နဲ့လည်းပဲ ပို့ဆောင်ပေးတာ ရှိပါတယ်။ ယခု လက်ရှိအနေအထားအရကို ကျန်နေတဲ့ ကျွန်တော်တို့ မလေးရှားနိုင်ငံမှာရှိတဲ့ ကျွန်တော်တို့ ထိန်းသိမ်းခံနေရတဲ့ အလုပ်သမားများကို မြန်မာနိုင်ငံကို ပြန်လည်ခေါ်ယူနိုင်ရေးအတွက်ကို ဒီနေ့ နေ့လယ်မှာပဲ ကျွန်တော်တို့ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကျွန်တော်တို့ လူမှုဖူလုံရေးဝန်ကြီးဌာန ပြီးတော့မှ ကျွန်တော်တို့ နိုင်ငံခြားရေး ဝန်ကြီးဌာနတို့ အစည်းအဝေးတစ်ခု လုပ်ဖို့ရှိပါတယ်။ အဲဒီဟာကတော့ ကျန်နေခဲ့တဲ့ မလေးရှား

နိုင်ငံမှာရှိတဲ့ ထိန်းသိမ်းခံ ကျွန်တော်တို့ နိုင်ငံသားလုပ်သားတွေကို ပြန်လည်ခေါ်ယူရေးဖြစ်ပါတယ်။ ကျွန်တော်တို့ဆီကိုလည်းပဲ ကမ္ဘောဇဘဏ် အဖွဲ့ကနေပြီးတော့မှ ကျွန်တော်တို့ ဖောင်ဒေးရှင်းကနေပြီးတော့မှ အဲဒီလုပ်သားတွေကို ခေါ်ယူဖို့ ကျွန်တော်တို့ လေယာဉ်(၄)စီး သို့မဟုတ် (၅)စီး ကျွန်တော်တို့ အကုန်အကျခံပြီးတော့မှ ကူညီပါမယ်လို့ အဆိုပြုချက်တွေ ရထားပါတယ်။

အလားတူပဲ တခြားသော လူမှုရေးအဖွဲ့အစည်းတွေကလည်းပဲ သူတို့ စုပေါင်းပြီးတော့မှ လေယာဉ်ပျံစရိတ်ကို ကျခံပေးဖို့ ဆောင်ရွက်ထားတဲ့အတွက် မလေးရှားမှာရှိတဲ့ လူဦးရေ (၃၀၀၀) လောက်က လက်ရှိရှိနေတဲ့လူဦးရေကတော့ ကျွန်တော်တို့ အဲဒီအစီအစဉ်နဲ့ ဆောင်ရွက်မယ်ဆိုရင် တော်တော်များများ ကျွန်တော်တို့ ပြန်လည်ပြီးတော့မှ ရောက်ရှိလာမှာဖြစ်တယ်လို့ ကျွန်တော် တင်ပြလိုပါတယ်။ သို့ရာတွင် နေ့စဉ်နဲ့အမျှ (၃၀၀)ကျော် ကျွန်တော်တို့(၄၀၀)နီးပါးဟာ မလေးရှားနိုင်ငံကို ကျွန်တော်တို့ လေဆိပ်တွေကတစ်ဆင့် သွားရောက်လုပ်ကိုင်နေပါတယ်။ အဲဒီပုဂ္ဂိုလ်တွေလည်းပဲ ဟိုရောက်တဲ့အခါမှာ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလိုပဲ Visa ကြုံသလို နေထိုင်တယ်။ အလုပ်ခွင်ပြောင်းတယ်၊ စသဖြင့် သူတို့ရဲ့ဥပဒေနဲ့ အရေးယူခံရတဲ့အခါမှာလည်းပဲ အလားတူ ပြန်လည်ပြီးတော့မှတိုးပွားလာနိုင်တဲ့ အနေအထားလေးဖြစ်တဲ့အတွက် ကျွန်တော်တို့ အပိုင်းကလည်းပဲ မသွားတဲ့ လူတွေကို မသွားရသေးတဲ့လူတွေကိုလည်းပဲ စနစ်တကျ ကျွန်တော်တို့ စာချုပ်နဲ့အညီ သွားလာဖို့၊ သွားပြီးတဲ့လူလည်းပဲ သက်ဆိုင်ရာ သံရုံး၊ အလုပ်သမား သံအရာရှိများမှတစ်ဆင့် ကျွန်တော်တို့ စနစ်တကျ နေထိုင်ဖို့နဲ့ အကူအညီများကိုလည်းပဲ တောင်းခံဖို့ဆောင်ရွက်နေသလို နှစ်နိုင်ငံအစိုးရချင်းများလည်းပဲ ညှိပြီးတော့မှ ကျွန်တော်တို့ သဘောတူစာချုပ်များ ချုပ်ဆိုပြီးတော့မှ အဲဒီဥပဒေများနဲ့ အညီ ကျွန်တော်တို့ အလုပ်သမားများအတွက် အကာအကွယ်ပေးနိုင်ဖို့ အလေးထားပြီးတော့မှ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ကျွန်တော်တို့ ဖြည့်စွက်မေးခွန်းကို ကျွန်တော် ထပ်မံရှင်းလင်းတင်ပြရမယ်ဆိုရင် မလေးရှားနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့မှာရှိတဲ့ ကျွန်တော်တို့ ထိန်းသိမ်းခံ အလုပ်သမားများအတွက်ကို ကျွန်တော်တို့ အလေးအနက်ထား စဉ်းစားနေပါကြောင်းနဲ့ အမြန်ဆုံး ကျွန်တော်တို့ အားလုံးနီးပါး ပြန်လည်ရောက်ရှိနိုင်ရေးအတွက်ကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်း လာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**၁၉၇၅ ခုနှစ်က ဖောက်လုပ်ပြီးစီးခဲ့သော မတူပီ-ရေဇွာ-ဟားခါး ပြည်ထောင်စုလမ်းအား ရာသီမရွေး သွားလာနိုင်သော ကတ္တရာလမ်းအဖြစ် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် က ၁၉၇၅ ခုနှစ်က ဖောက်လုပ်ပြီးစီးခဲ့သော မတူပီ-ရေဇွာ-ဟားခါး ပြည်ထောင်စုလမ်းအား ရာသီမရွေး သွားလာနိုင်သော ကတ္တရာလမ်းအဖြစ် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အခု မေးမြန်းမယ့် မေးခွန်းကတော့ ၁၉၇၅ ခုနှစ်က ဖောက်လုပ်ပြီးစီးခဲ့သော မတူပီ-ရေဇွာ-ဟားခါး ပြည်ထောင်စုလမ်းမကြီးကို ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းအဖြစ် ခင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ မေးမြန်းသွားမှာဖြစ်ပါတယ်။ အချိန်လုံလောက်မှုမရှိပါက အနည်းငယ်တိုးမြှင့်ပေးပါရန်နှင့် ဓာတ်ပုံများကို Power Point ဖြင့် အသုံးပြုခွင့်ပေးပါရန် မေတ္တာရပ်ခံ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်သည် တခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များကဲ့သို့ ယခုအချိန်အထိ လေကြောင်းလမ်း၊ ရေကြောင်းလမ်းမရှိသည့်အတွက် ကားလမ်းတစ်ခုတည်းကိုသာ အဓိကမှီခိုအားထားနေရသောပြည်နယ် ဖြစ်ပါသည်။ ထို့ကြောင့် ခရီးသွားပြည်သူများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေးအတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ဟားခါး-ရေဇွာ-မတူပီလမ်းသည် ၁၉၇၅ ခုနှစ်၊ မေလ ပထမပတ်က စတင်ဖွင့်လှစ်ခဲ့သောလမ်းဖြစ်ပါသည်။ ၎င်းလမ်းဟာ ပြည်နယ်၏မြို့တော်ဖြစ်သော ဟားခါးမြို့နဲ့ ဆက်သွယ်သောလမ်းဖြစ်သလို ချင်းပြည်နယ်တောင်ပိုင်းနဲ့မြောက်ပိုင်း အဓိကဆက်သွယ်နေသော ပြည်ထောင်စုလမ်းမကြီး ဖြစ်ပါသည်။ မိုင်အားဖြင့် (၁၇၃)မိုင် (၃)ဖာလုံရှိပြီး (၉)မိုင် (၃)ဖာလုံခန့်သာ ကတ္တရာလမ်းအဖြစ် ခင်းထားပြီး ကျန်(၁၆၃)မိုင်သည် မြေနီလမ်း ဖြစ်ပါသည်။ နှစ်ပေါင်း(၄၁)နှစ်ကျော်ကြာ ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်တွင် ရောက်ရှိနေပြီဖြစ်သော ဟားခါး-ရေဇွာ-မတူပီ ပြည်ထောင်စုလမ်းသည် နွေရာသီအတွင်း၌သာ ကားများသွားလာနိုင်ပြီး ဇွန်လမှ နိုဝင်ဘာလအထိ ဆိုင်ကယ်သွားဖို့တောင်မှ အင်မတန်ခဲယဉ်းလှပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်အစိုးရထံ ပြည်နယ်မြို့တော်ဖြစ်သည့် ဟားခါးမြို့သို့ ရုံးလုပ်ငန်းကိစ္စရပ်များဆောင်ရွက်ရာတွင် အထူးသဖြင့် မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ချင်းပြည်နယ်တောင်ပိုင်းမှ မြို့နယ်(၄)မြို့နယ်မှ မြို့တော် ဟားခါးသို့ သွားတဲ့အချိန်မှာ

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးမှတစ်ဆင့် ကွေ့ပတ်ပြီးမှ ဟားခါးမြို့သို့ သွားနေရပါသည်။ ထို့ကြောင့် ဒီစီမံကိန်းအကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုအစိုးရအနေဖြင့် အကုန်အကျများသည်ဟု စီးပွားရေးအရ တွက်ခြေ ကိုက်/မကိုက်ကို အဓိကမကြည့်ဘဲ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားပြီး ဝေးလံခေါင်ဖျားသောနေရာ ဒေသမှာနေထိုင်ကြသော ပြည်သူလူထုအတွက် အဓိကစဉ်းစားပေးပါရန် မေတ္တာရပ်ခံ တင်ပြချင်တာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကားလမ်းပေါက်တာ နှစ်ပေါင်း(၄၀)ကျော် ကြာမြင့်နေပြီဖြစ်သော ဟားခါး-ရေဇွာ-မတူပီ ပြည်ထောင်စုလမ်းမကို ပြည်ထောင်စုလမ်းမဟူသော အမည်နာမနှင့် ကိုက်ညီမှုရှိအောင် မြေနီလမ်းမှ ကတ္တရာလမ်းအဖြစ်သို့ ခင်းပေးနိုင်ရန် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း မေးခွန်းနှင့်ပတ်သက်၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

ခရီးသွားပြည်သူများ ခက်ခဲစွာ မောင်းနှင်သွားလာနေရသော မြင်ကွင်းပုံများ (က)



ခရီးသွားပြည်သူများ ခက်ခဲစွာ မောင်းနှင်သွားလာနေရသော မြင်ကွင်းပုံများ (က-၁)



ခရီးသွားပြည်သူများ ခက်ခဲစွာ မောင်းနှင်သွားလာနေရသော မြင်ကွင်းပုံများ (က-၂)



**ချင်းပြည်နယ်၊ ပလက်ဝ-မတူပီကားလမ်းအား ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်း ခင်းပေးရန်နှင့် လမ်းအကျယ်တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် က ချင်းပြည်နယ်၊ ပလက်ဝ-မတူပီကားလမ်းအား ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်း ခင်းပေးရန်နှင့် လမ်းအကျယ်တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်တွင် ပလက်ဝမြို့နယ်သည် ကိုလိုနီခေတ်ကတည်းက ယနေ့တိုင်အောင် ခေတ်အဆက်ဆက် လမ်းပန်းဆက်သွယ်ရေး အခက်အခဲဆုံးမြို့နယ် ဖြစ်ပါတယ်။ (၁၃၅)မိုင် ကွာဝေးသော ပလက်ဝ - မတူပီကားလမ်းအား ၂၀၁၃ ခုနှစ်မှစ၍ (၂၄)ပေ လမ်းအကျယ် ဖောက်လုပ်ခဲ့ပါတယ်။ ၎င်းလမ်းအား ၂၀၁၅ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ချင်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့သော်လည်း မိုးရာသီတွင် လုံးဝသွား၍မရသောလမ်း ဖြစ်နေပါတယ်။ အချို့သောနေရာများတွင် ပြုပြင်ရန်နှင့် လမ်းအူကြောင်းများ ပြောင်းလဲဖောက်လုပ်ရန် နေရာများ ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝမြို့နယ်မှ ပြည်နယ်မြို့တော် ဟားခါးသို့ သွားမည်ဆိုပါက ပလက်ဝမှ ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းများကို ဖြတ်ကျော်ပြီး မြန်မာနိုင်ငံကို တစ်ပတ်ပတ်၍ သွားနေရပါတယ်။ ပလက်ဝ - မတူပီလမ်းကို ရာသီမရွေး သွားရောက်နိုင်သော ကတ္တရာလမ်းဖောက်လုပ်မည်ဆိုပါက ပလက်ဝမှ ခရိုင်မြို့ဖြစ်သော မင်းတပ်မြို့သို့လည်းကောင်း၊ ချင်းပြည်နယ်အတွင်းရှိ မြို့တော်ဟားခါးနှင့် အခြားမြို့နယ်များသို့လည်းကောင်း လျင်မြန်စွာသွားနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများ၏ကိုယ်စား မေးမြန်းလိုသည်မှာ ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့် မတူပီမြို့နယ် ဆက်သွယ်ထားသော ပလက်ဝ - မတူပီကားလမ်းအား ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းခင်းပေးရန်နှင့် လမ်းအကျယ်တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၁။**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် မှ မေးမြန်းထားတဲ့ ဟားခါး - ရေဇွာ- မတူပီမြေနီလမ်းအား ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ ဟားခါး-ရေဇွာ-မတူပီလမ်းဟာဆိုရင် အရှည်အားဖြင့် (၁၇၂)မိုင်(၇)ဖာလုံ ရှည်လျားပြီးတော့ ချင်းပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့ စီမံခန့်ခွဲတဲ့ လမ်းတစ်လမ်း ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ လမ်းအခြေအနေကတော့ ကတ္တရာလမ်း(၁၉)မိုင်(၇)ဖာလုံနဲ့ ကျောက်လမ်း(၈)မိုင်(၁)ဖာလုံ၊ အမာခံလမ်းမိုင်(၅၀)(၃)ဖာလုံနဲ့ မြေလမ်း(၉၄)မိုင်(၄)ဖာလုံ ဖြစ်ပါတယ်။ ကတ္တရာလမ်း ခင်းပြီးတဲ့ လမ်းပိုင်းအနေနဲ့ကြည့်မယ်ဆိုရင်တော့ (၁၁)ရာခိုင်နှုန်းသာ ရှိတယ်လို့ ကျွန်တော်တို့ တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဟားခါး-ရေဇွာ - မတူပီလမ်းကို ကျွန်တော်တို့ ဒီနှစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပြည်နယ်ငွေလုံးငွေရင်းနဲ့ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကနေပြီးတော့ (၁၂)ပေအကျယ် ကတ္တရာခင်းခြင်းလုပ်ငန်း (၉)မိုင်(၇)ဖာလုံ (၁၂)ပေကနေပြီးတော့ (၁၈)ပေလမ်းအကျယ် ကတ္တရာလမ်းခင်းခြင်းကတော့(၂)မိုင်နဲ့(၂)ဖာလုံ (၁၂)ပေအကျယ် ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းကို (၇)မိုင်(၄)ဖာလုံ (၂၈)ပေ

အကျယ် လမ်းတာချဲ့ခြင်းကို (၁၂)နေရာမှာ လုပ်ပြီးတော့ ပေ(၅၀)အောက် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းကတော့ တံတား(၈)စင်း၊ ပေ(၅၀)နဲ့ ပေ(၁၀၀)ကြား သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းက တံတား(၂)စင်း၊ (၅)ပေအရှည် သံကူကွန်ကရစ်ရေပွင့် တည်ဆောက်ခြင်းက (၇၇)စင်း၊ (၅)ပေအရှည် ရေပွင့် တွဲလျက်ရှိပြီးတော့ (၃၅)ပေနဲ့ (၁၂)ပေ မြေကာနံရံ တည်ဆောက် ခြင်းက (၂၃)စင်း ၊ (၅)ပေအရှည် ရှိပြီးတော့ ရေပွင့်တွဲလျက်ရှိပြီးတော့ ပေ(၃၀ × ၁၂)ပေ မြေကာနံရံ တည်ဆောက်ခြင်းက (၁၄)စင်း၊ ပေ(၄၀ × ၁၅)ပေ မြေကာနံရံ (၁)စင်း၊ (၇၃၈)ပေနဲ့ (၁၀)ပေ အကျယ် ရှိတဲ့ မြေကာနံရံ(၁)စင်း တည်ဆောက်ခြင်း၊ ကျောက်စီရေမြောင်း တည်ဆောက်ခြင်း စုစုပေါင်း (၁၉၉၄) ပေ စတဲ့ လုပ်ငန်းများ ဆောင်ရွက်ရန် လျာထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဟားခါး-ရေဇွာ-မတူပီလမ်း လုပ်ငန်းများ အားလုံး ဆောင်ရွက်ပြီးစီးပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန်မှာဆိုရင် ကတ္တရာလမ်းအဆင့် (၂၉)မိုင်(၆)ဖာလုံ ရောက်ရှိမှာ ဖြစ်ပြီး တော့ တစ်လမ်းလုံးအနေနဲ့ဆိုလျှင် ကတ္တရာလမ်း (၁၇)ရာခိုင်နှုန်းအထိ တိုးတက်လာမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ နှစ်စဉ် လမ်းပိတ်ဆို့မှု မဖြစ်စေရေးအတွက်ကိုလည်း စီမံဆောင်ရွက်လျက်ရှိပြီး တောင်ပေါ်ဒေသလမ်း ဖြစ်တဲ့အတွက် လိုအပ်တဲ့နေရာများမှာ သံကူကွန်ကရစ်တံတားတွေ၊ ရေပွင့်တွေ၊ မြေထိန်းနံရံတွေ၊ Guard Rail တွေ၊ မြေကာနံရံတွေကိုလည်း ထည့်သွင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ဟားခါး-ရေဇွာ -မတူပီလမ်းမှာ ကတ္တရာလမ်းအဆင့် ဆောင်ရွက်ရန် ကျန်ရှိတဲ့ (၁၄၃)မိုင် (၁)ဖာလုံကို (၅)နှစ် စီမံချက် ရေးဆွဲပြီးတော့ ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေ တင်ပြ တောင်းခံသွားမှာဖြစ်ပြီး ရန်ပုံငွေ ရရှိမှုအပေါ်မှာ မူတည်ပြီးတော့ လုပ်ငန်းများ ဆက်လက်ဆောင်ရွက် သွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမျိုးထပ် (ခ) ဆလိုင်းမျိုးထိုက် မှ မေးမြန်းထားတဲ့ ပလက်ဝ-မတူပီ ကားလမ်းအား ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်း ခင်းပေးရန်နှင့် လမ်းအကျယ်တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ မတူပီ-ပလက်ဝလမ်း ဟာ စုစုပေါင်း (၁၃၅)မိုင် ရှည်လျားပြီးတော့ ချင်းပြည်နယ် အစိုးရအဖွဲ့ကနေပြီးတော့ စီမံခန့်ခွဲတဲ့လမ်း ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှာရှိတဲ့ လမ်းအခြေအနေကတော့ ကွန်ကရစ်လမ်း (၆)ဖာလုံ၊ ကတ္တရာလမ်း (၁)မိုင်(၇)ဖာလုံ၊ ကျောက်လမ်း (၅)မိုင်၊ အမာခံလမ်း (၁၁)မိုင် (၁)ဖာလုံ၊ မြေလမ်း (၁၁၆)မိုင် (၂)ဖာလုံ ဖြစ်ပါတယ်။ လက်ရှိမှာတော့ ရာသီမရွေး သွားလာနိုင်တဲ့ အမာခံလမ်း အနေနဲ့ ပြောမယ်ဆိုရင် (၁၄)ရာခိုင်နှုန်းခန့်သာရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

မတူပီ-ပလက်ဝလမ်းဟာဆိုရင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပြည်နယ်ငွေလုံးငွေရင်းနဲ့ ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် (၂၄)ပေအကျယ် လမ်းတာချဲ့ခြင်းလုပ်ငန်း(၁)မိုင်(၄)ဖာလုံကို (၁၂)ပေအကျယ် ကတ္တရာလမ်းခင်းခြင်း(၁)မိုင်၊ အမာခံလမ်းခင်းခြင်းကတော့ (၁၅)မိုင်၊ ပေ(၅၀)အောက် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း (၆)စင်း၊ မြေကာနံရံနှင့်တွဲလျက် သံကူကွန်ကရစ် ရေထုတ်ပြွန် တည်ဆောက်ခြင်းက အစင်း(၂၀)၊ ကျောက်စီရေမြောင်းတည်ဆောက်ခြင်းက ပေ(၅၂၀)၊ မြေကာနံရံနှင့်

တွဲလျက် အုတ်စီရေမြောင်း တည်ဆောက်ခြင်း ပေ(၄၀၀)စတဲ့ လုပ်ငန်းများနှင့် အရေးကြီးတဲ့ ဗွေလီတံတား ၂ပေ(၄၂၀)အရှည်ကို အပြီးတည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။ လုပ်ငန်းများအားလုံး ပြီးစီးဆောင်ရွက်ပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အကုန်မှာဆိုရင် တစ်လမ်းလုံး (၂၄)ပေအကျယ် လမ်းတာချဲ့ခြင်း လုပ်ငန်းပြီးစီးမှာဖြစ်ပြီးတော့ ကွန်ကရစ်လမ်း (၆)ဖာလုံ၊ ကတ္တရာလမ်း (၂)မိုင် (၆)ဖာလုံ ကျောက်လမ်း(၅)မိုင် အမာခံလမ်း (၂၆)မိုင် (၁)ဖာလုံအဆင့်သို့ ရောက်ရှိမှာဖြစ်ပြီးတော့ ရာသီမရွေး သွားလာနိုင်တဲ့ အမာခံလမ်းအနေနဲ့ ကြည့်မယ်ဆိုရင်တော့ (၂၆)ရာခိုင်နှုန်းအထိ တိုးတက်လာမှာ ဖြစ်ပါတယ်။ မတူပီ-ပလက်ဝလမ်းမှာဆိုရင် ကတ္တရာခင်းခြင်း မဆောင်ရွက်မီ လမ်းတာဘောင်ကို (၂၄)အကျယ်မှ နေပြီးတော့ (၃၄)အကျယ်ချဲ့ခြင်း လိုအပ်တဲ့နေရာတွေမှာ သံကူကွန်ကရစ်တံတားနဲ့ ရေပြွန်တွေ တည်ဆောက်ခြင်း၊ မြေထိန်းနံရံတွေ တည်ဆောက်ခြင်း စတဲ့လုပ်ငန်းကိုလည်း ပထမဦးစွာ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မတူပီ-ပလက်ဝလမ်းဟာ ကတ္တရာခင်းရန် ကျန်ရှိတဲ့ လမ်းပိုင်း(၁၃၁)မိုင် (၃)ဖာလုံကို ရာသီမရွေးသွားလာနိုင်တဲ့ ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ရန် ပျမ်းမျှ (၃၄) အကျယ် လမ်းတာဘောင်ချဲ့ခြင်း၊ လုပ်ငန်းများဆောင်ရွက်ရန် (၅)နှစ် စီမံချက်ရေးဆွဲထားပြီး ဖြစ်ပြီးတော့ ချင်းပြည်နယ်ရဲ့ အဓိက ပင်လယ်ထွက်ပေါက် လမ်းတစ်လမ်းဖြစ်တဲ့အတွက် ဦးစားပေးလမ်း အဖြစ် ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေ တင်ပြတောင်းခံပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မှာ မူတည်ပြီးတော့ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် တတိယနေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၁း၀၈ နာရီအချိန်တွင် ရပ်နားပါသည်။]